မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၇)

မာတာပိတု ဥပဋ္ဌာန် တော် မင်္ဂလ မုတ္တမ်

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲဖွင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ မိန့်ခွန်းပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၀၈ ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ကြည့်ရှုအားပေး

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်သားများနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ✻



ပုဏ္ဏားကျွန်းမြို့နယ်မှ အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်ကောင်းစေ့များ ....။ (မြန်မာ့အလင်း)

တသွင်သွင်စီးဆင်းလျက်ရှိသော ကုလားတန်မြစ် အနောက်ဘက်ကမ်းမှ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းမှုများ

စစ်တွေ နိုဝင်ဘာ ၂၅ (ဖက်စ်)

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကျောက်ဖြူ-တောင်ကုတ်-သံတွဲမြို့များသို့ ရှစ်ရက်ကြာသွားရောက် ကွင်းဆင်းလေ့လာ ရေးသားပြီး နိုဝင်ဘာ ၂၂ရက် နံနက်တွင် သံတွဲ(ငပလီ)လေဆိပ်မှ လေယာဉ်ဖြင့် စစ်တွေမြို့သို့ ခရီးပြန်လှည့်ခဲ့ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

သတင်းခရီးသည် - သတင်းထောက်စဥ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ပုဏ္ဏားကျွန်းမြို့နယ် လူထုသောက်သုံးရေအတွက် ၂၆ဧကကျယ် ဂူဝရေလှောင် မြေသားတမံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၆ ရက်)

ကမ္ဘာ့စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေး နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲဆောင်ရွက်

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ (၃၅)ကြိမ်မြောက် အထူးညီလာခံကို အီတလီသမ္မတနိုင်ငံ ရောမမြို့၌ နိုဝင်ဘာ ၁၈ရက်မှ ၂၂ရက်အထိ ကျင်းပရာ မြန်မာအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၉နိုင်ငံမှ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ယင်းညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အီတလီသမ္မတနိုင်ငံအခြေစိုက် FOCSIV-INGO အဖွဲ့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်ဒေသများရှိ စိုက်ပျိုးရေးဖွံ့ဖြိုးမှု စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ဘိုကလေးနှင့် လပွတ္တာတို့၌ ဆောင်ရွက်နေသည့် Shelter တည်ဆောက်သည့် ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

(၃၅)ကြိမ်မြောက် FAO အထူးညီလာခံတွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး ကိစ္စရပ်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆောင်ရွက်မည့် အဖွဲ့၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များ အဆိုပြုချက်ကို ညီလာခံမှ အတည်ပြုချမှတ်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် FAO ညွှန်ကြားရေးမှူးချုပ်အားတွေ့ဆုံ၍ FAO အဖွဲ့မှ လေဘေးသင့်ဒေသများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကူညီပေးမှုနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားသည့်ဒေသများ၌ စိုက်ပျိုးရေးအတွက် ဆည်ငယ် ကန်ငယ်များ တည်ဆောက်မှု၊ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုလုပ်ငန်းများတွင် အကူအညီပေးနေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ပြည်သူများ၏ အသက်ရှင်ရပ်တည်နိုင်မှုတွင် အခြေခံအကျဆုံးဖြစ်သည့် စားနပ်ရိက္ခာများ ပြည့်စုံဖူလုံရန် ကြိုးပမ်းအားထုတ်မှုသည် အဓိကကျသည်။ (၃၅)ကြိမ်မြောက် FAO အထူးညီလာခံတွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးအတွက် အစီရင်ခံစာတင်သွင်းခြင်းစသည်တို့သည် ကမ္ဘာ့နိုင်ငံများအတွက် မှန်မြတ်သော လုပ်ငန်းစဉ်များဖြစ်သည်။

သို့ဖြစ်ပေရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ (၃၅)ကြိမ်မြောက် အထူးညီလာခံသည် ကမ္ဘာ့လူသားများ၏ အကျိုးအတွက် အားထုတ်ကြိုးပမ်းသော ညီလာခံဖြစ်ရာ ကမ္ဘာ့နိုင်ငံများသည် တစ်နိုင်ငံချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လူသားများအကျိုးစီးပွားအတွက် ဝိုင်းဝန်းလက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၁၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅–၁:၀၅	**ဉာဏ်မျက်စိပွင့်လျှင် တရားမြင်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈:၀၅–၂:၀၅	Industrial Talk [ဦးမြင့်အေး၊ ဦးကျော်ဆန်း၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၂၅–၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀–၂:၅၀	ပိုလီယိုရောဂါကာကွယ်ရေး ပညာပေးဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်းအောင်)
၉:၂၀–၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀–၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅–၃:၃၅	Midweek Sports News
၉:၅၀–၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅–၃:၅၅	မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ်ပရိုဂရမ်များ
၁၀:၁၅–၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀–၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅–၄:၂၅	လှပသစ်ဆန်း အလှပြင်ခန်း (Expressions)
၁၀:၅၀–၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅–၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅–၅:၀၅	ဆွာချောင်းရေလှောင်တမံ
၁၁:၁၅–၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀–၅:၂၀	**ရေမြင့်...ကြာတင့်** ခန့်စည်သူ၊ ဧရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၁:၃၅–၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀–၅:၄၀	Internet Directory (Joy Zone Internet Cafe)
၁၂:၀၀–၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅–၆:၀၅	ပျိုမေတို့လှစေဖို့ (အပိုင်း–၂)
၁၂:၁၅–၆:၁၅	Myanmar Video Rhythm
၁၂:၄၀–၆:၄၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း(အပိုင်း–၂)
၁၂:၅၀–၆:၅၀	နိုင်ငံတကာအဆင့်မီ ပြည်တွင်းပရိဘောဂစုံစုံညီ
၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Liverpool-Marseille	ESPN (Live)
	Bordeaux-Chelsea	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၂၆–၁၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	ကျွန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၅။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း–၅၀)
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **ရွှေခေါင်းပြောင်** (အပိုင်း–၂)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း–၁၈)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ကျင်းပသော တတိယအကြိမ် အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသော အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ဆွေးနွေးခဲ့

နေပြည်တော် နိုဝင်ဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် နိုဝင်ဘာ ၁၇ရက်မှ ၁၉ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသော တတိယအကြိမ် အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တီမောလစ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်

နိုဝင်ဘာ ၁၇ရက်တွင် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ကျင်းပပြီး နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် တတိယအကြိမ် အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲကို ဘာလီမြို့ Westin Hotel, Nusantara အစည်းအဝေးခန်းမ၌ ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး၊ လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဘာလီမြို့တော်ဝန်တို့က အမှာစကားပြောကြားကြသည်။

ဆောင်ရွက်ချက်

အစည်းအဝေးတွင် သဘာပတိအဖြစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘာတီယာချမ်ဆာက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသောဝန်ကြီးများက နိုင်ငံအလိုက် မိသားစုဆိုင်ရာဆောင်ရွက်ချက်များ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးခဲ့

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မြန်မာနိုင်ငံ၌ မိသားစုများနှင့်ပတ်သက်၍ လူမှုရေးဦးတည်ချက်များ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် အမျိုးသမီးရေးရာကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်ချက်များနှင့် မိသားစုတွင်ပါဝင်သည့် ကလေးသူငယ်၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးများက မိသားစုဆိုင်ရာ ဘာလီကြေညာချက်မူကြမ်းကို ဆွေးနွေးကြသည်။

ညစာစားပွဲတက်ရောက်

ဝန်ကြီးသည် နိုဝင်ဘာ ၁၉ရက်တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘာလီမြို့၌ ဆောင်ရွက်လျက်ရှိသော မိသားစုဆိုင်ရာ လေ့လာရေးအစီအစဉ်သို့ တက်ရောက်လာကြသော ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိများနှင့်အတူ သွားရောက်လေ့လာပြီး ညပိုင်းတွင် ဘာလီမြို့ Laka Leke Ubud ဟိုတယ်၌ ကျင်းပသည့် ဂုဏ်ပြု နှုတ်ဆက် ညစာစားပွဲကို တက်ရောက်သည်။

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

ကျောက်မဲ နိုဝင်ဘာ ၂၅

ကျောက်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် မြို့တွင်းလမ်းဘေးဝဲယာ ရေမြောင်းများ၊ ဗဟိုဈေးပတ်လည်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် နုန်းဆယ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် ဒုတိယဦးစီးမှူး(သန့်) ဦးစန်းလွင်တို့ ကြပ်မတ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲကို (၁၃၇၀ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂၊၃၊၄ ရက်) ဒီဇင်ဘာ ၁၄၊ ၁၅၊ ၁၆ရက်တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

ဖြေဆိုနိုင်

အဘိဓမ္မာ(ရိုးရိုး)နှင့်အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရ ပထမငယ်တန်း သို့မဟုတ် ယင်းနှင့် အလားတူ စာမေးပွဲ အောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ဓမ္မာစရိယတန်း သို့မဟုတ် ယင်းနှင့် အလားတူစာမေးပွဲများ အောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင်တစ်ဆင့်ဖြစ်စေ၊နှစ်ဆင့်ဖြစ်စေ၊သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

တောင်းယူနိုင်

စာမေးပွဲဝင်ခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ စာဖြေဌာနများ တည်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် တောကျောင်း ကျေးရွာအုပ်စု ကမာကလွန်းကျေးရွာ တောင်သူဦးကျော်မြသန်းနှင့် Green Luck Trading Co., Ltd. တို့၏ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မိုးစပါးစံကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

* ရွှေဖုံးမှ

၎င်းတို့၏မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က မိန့်ခွန်းပြောကြားသည်။

ချီတက်အလေးပြု

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်အား ပြိုင်ပွဲဝင် ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားမည်

နိုဝင်ဘာ၂၈ရက်မှ ဒီဇင်ဘာ၁၁ရက်အထိ ပထမအုပ်စုပတ်လည်ပြိုင်ပွဲကို နယ်ဇုန်များ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)နှင့် (င)အုပ်စု တပခဇုန် (တောင်ငူ)တို့တွင် အသီးသီး ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရားလက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

ရန်ကုန်တိုင်းမ် ဂျာနယ်ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

သတိရှိရှိ အသိရှိရှိ ကြိုတင်ကာကွယ် ကမ္ဘာ့ငွေကြေး အကျပ်အတည်း ရိုက်ခတ်မှုအန္တရာယ် ဆောင်းပါးနှင့် ပတ်သက်ပြီး ပညာရှင်ကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ သုံးသပ် အကြံပြုချက်များပါသည့် ရန်ကုန်တိုင်းမ် ဂျာနယ်အတွဲ(၄)၊ အမှတ် (၄၆) ထွက်ရှိလာသည်။

ယင်းအပြင် အသားတိုးကြက်ပေါက်မွေးမြူမှု ပိုလျှံမည်ဖြစ်သဖြင့် ကြက်သားဈေးနှုန်း ကျဆင်းလာနိုင်၊ ပြည်ပပို့ ပဲဈေးကွက် မငြိမ်သက်သော်လည်း အိန္ဒိယက ဆက်လက်ဝယ်ယူမည်၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း လေဘောသင့် ဧရာဝတီတိုင်းအတွင်း စတင်ဆောင်ရွက်၊ ကဏန်းပျော့ သားဖောက်စခန်း ချောင်းသာတွင် တည်ဆောက်မည်၊ တက္ကသိုလ်ဝင်တန်းအမှတ် ၃၀၀ကျော်ရုံဖြင့် အမေရိကန်တက္ကသိုလ်များတွင် စကောလားရှစ်ရနိုင်၊ ရခိုင်ရိုးမတွင် မျောက်လွှဲကျော်တွေဘာကြောင့်ရှားပါး၊ ပြည်သူ့ကျန်းမာရေး ပိုမိုစောင့်ရှောက်နိုင်စေရန် ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဌာနများ ထပ်မံတိုးချဲ့သင့်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှလက်တော့ပ်နှင့် "လူ့ အဖွဲ့အစည်း" အကြောင်း၊ ဖျော်ဖြေရေး သတင်းများ စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

၂၀၈၀ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် ရေပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်၊ နိုင်ငံခြားသား အငြိမ်းစားများ အလုပ်အကိုင်ရှာဖွေခြင်း တားမြစ်ချက်ကို ဖယ်ရှားရန်နှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီများအား အဆင့်မြင့်ပညာရှင်များ ဖော်ထုတ်ရန် မလေးခွင့်ပြု၊ ပိုးသတ်ဆေးနံ့ နံသည့် အမေရိကန်သောက်ရေသန့် ဂျပန်ဈေးကွက်မှ ပြန်သိမ်းရ၊ ပိုလျှံ လူသားစွမ်းအင် မည်သို့ကိုင်တွယ်ရမည်ဆိုခြင်းနှင့် ပတ်သက်၍ ဝန်ကြီးဌာန လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်လျက်ရှိ၊ ချက်တင်တွင် ဗန်းစကားအဖြစ်အသုံးပြုသော Meh စကားလုံး ကောလင်းအဘိဓာန်တွင် ထည့်သွင်းဖော်ပြမည်။ ပုံမှန် အနှိပ်ခံခြင်းသည် သွေးတိုးခြင်းကို ကျဆင်းစေဟုဆို၊ အသက်အာမခံငွေထုတ်ယူ၍ လှို့ဝှက်ချစ်သူကို လက်ထပ်ရန် ဇနီးသည်အား သတ်သူကို ရုံးတင်စစ်ဆေး၊ မှုခင်းရေးရာ ကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများစုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ကဇက် - နောင်ဖနန် မြေသားလမ်းဖောက်လုပ်

ကလေးဝ နိုဝင်ဘာ ၂၅

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် (ငွေလုံးငွေရင်း) ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ကဇက်-နောင်ဖနန်ကျေးရွာ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ၂၂ရက်က အမှုဆောင်အရာရှိ ဦးဇော်ဟိန်း ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းဝေ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးရိတ်သိမ်းပွဲကျင်းပ စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တောကျောင်း ကျေးရွာအုပ်စုတွင် ကျင်းပသည့် ဒေသခံ လယ်ပိုင်ရှင်များနှင့် Green Luck Trading Co.,Ltd. တို့၏ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မိုးစပါးရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးသည်။

ကြည့်ရှု အားပေး

ရှေးဦးစွာ ဝန်ကြီးအား Green Luck Trading Co.,Ltd. စိုက်ပျိုးရေးတာဝန်ခံ ဦးစိုးပိုင်က အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း စတင်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ မျိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် နွေစပါး ဆက်လက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လေဘောဒဏ်ခံရသော တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများ၊ ကျွဲ၊ နွားများ ထိခိုက်သေကျေပျက်စီးခဲ့ရပြီး စိုက်ပျိုးရေး စရိတ်လည်း အခက်အခဲရှိသဖြင့် ဤအကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီစက်မှုလယ်ယာနည်းစနစ်၊ အထွက်တိုးမျိုးစပါးနှင့် နည်းပညာတို့ကို အသုံးပြု၍ သီးနှံများ ပိုမိုတိုးတက်ထွက်ရှိလာမည်ဖြစ်ကြောင်း၊ တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးသွားနိုင်ရေး ရည်မှန်းချက်ထားပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များနှင့် အတူ ရှင်းလင်းဆောင်မှနေ၍ မိုးစပါး စုပေါင်းရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တောကျောင်း ကျေးရွာအုပ်စု ကမာကလွန်းကျေးရွာ တောင်သူဦးကျော်မြသန်းနှင့် Green Luck Trading Co., Ltd. တို့၏ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မိုးစပါးစံကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

အကောင်အထည်ဖော်

ဤအကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လေဘောဒဏ် ခံခဲ့ရသော တောင်သူများ၊ စိုက်ပျိုးစရိတ် အရင်းအနှီး အခက်အခဲရှိသူများ အနက်မှ တောင်သူ သုံးဦး၏ လယ်မြေ ၄၄ဒသမ၆၅ဧကကို စတင်စမ်းသပ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝင်ငွေအကျိုးအမြတ်

လယ်ပိုင်ရှင်များနှင့် ပုဂ္ဂလိက ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် ကုမ္ပဏီမှ လိုအပ်သည့် မျိုးစပါး၊ ဓာတ်မြေဩဇာ စသည့်သွင်းအားစုများ၊ ခေတ်မီ စိုက်ပျိုးရေးစက်ကိရိယာများ၊ သီးနှံအထွက်တိုးနည်းပညာများ၊ ခေတ်မီ ထွန်ယက်ရိတ်သိမ်းစက်များဖြင့် စက်မှုလယ်ယာစနစ်ကို အသုံးပြုသည့်အတွက် ယခင် မိရိုးဖလာ ကြဲပက်စိုက်ပျိုးသည့်စနစ်ထက် အထွက်နှုန်းပိုများပြီး အလေအလွင့် နည်းပါးကြောင်း သိရသည်။ ယခင်ကြဲပက်စိုက်ပျိုးစဉ်က တစ်ဧကလျှင် အများဆုံးအထွက်နှုန်းမှာ တင်း ၅၀ခန့်သာထွက်ရှိပြီး ယခုအကျိုးတူ စိုက်ပျိုးရာတွင် တစ်ဧကလျှင် ပျမ်းမျှ ၉၅ တင်းခန့် ထွက်ရှိမည်ဖြစ်ကာ အများဆုံး စံကွက်မှာ ၁၀၀ဒသမ၅၂တင်းထွက်ရှိမည်ဖြစ်သည်။ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ယခင် မိရိုးဖလာ စိုက်ပျိုးစဉ်က ရရှိသည့် ဝင်ငွေထက် စပါးတစ်ဧကအပေါ်တွင် ငွေကျပ် ၅၈၀၀၀ကျော်ခန့် ဝင်ငွေအကျိုးအမြတ်ပိုမို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ခြောက်စုမှ အကျိုးတူ စိုက်ပျိုးလိုသည့် တောင်သူများ၏လယ်ဧက ၁၀၀၀ကျော်ခန့်ကို နွေစပါးစိုက်ပျိုးပေးသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

စီမံဆောင်ရွက်

အကျိုးတူ လယ်ယာစိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့် တောင်သူများအနေဖြင့်စိုက်ပျိုးစရိတ် ရင်းနှီးရန်မလိုဘဲ ခေတ်မီ စက်မှုလယ်ယာစနစ်နှင့် အထွက်တိုးနည်းပညာတို့ကို ရရှိနိုင်မည်ဖြစ်ပြီး ပိုမိုတိုးတက်ရရှိလာသောဝင်ငွေဖြင့် ကိုယ်ပိုင်ခေတ်မီ စက်ကိရိယာ၊ နည်းပညာတို့ကို အသုံးပြု၍ ဒေသခံတောင်သူများ မိမိတို့လယ်ယာကို ကိုယ်တိုင် စိုက်ပျိုးဆောင်ရွက်သွားနိုင်သည်အထိ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေး ပညာပေးဟောပြော

လားရှိုး နိုဝင်ဘာ ၂၅

လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ၂၄ရက်က လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းသန်းဦးနှင့် ကျန်းမာရေးမှူး(၁) ဦးလှမောင်တို့က သွေးလွန်တုပ်ကွေး အသိပညာပေး အကြောင်းအရာများကို ရှင်းလင်းဟောပြောကြသည်။ ဟောပြောပွဲသို့ လားရှိုးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမှတ်(၁)ရပ်ကွက်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်တွင်းရှိ ပြည်သူ၃၀၀ခန့် တက်ရောက်ကြသည်။

အလားတူ လားရှိုးမြို့ အမှတ်(၉)ရပ်ကွက် ဓမ္မာရုံတွင်လည်း သွေးလွန်တုပ်ကွေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော်ပျဉ်းမနား အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်ပျဉ်းမနား ယခင် အထက(၁)ကျောင်းသားဟောင်းများက အသက်(၈၅)နှစ်အထက် ဆရာ ဆရာမကြီးနှစ်ဦးအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း အမျိုးသားနေ့ (နိုဝင်ဘာ၂၂ရက်)က (၁၅)ကြိမ်မြောက်အဖြစ် နေပြည်တော်၌ ကျင်းပရာ **(ဝဲပုံ)** ကျောင်းသားဟောင်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့်ဇနီး၊ နေပြည်တော် ပျဉ်းမနားအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ရပ်ဝေးရောက် ကျောင်းသားဟောင်းများ၊ ယခင်အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ ၅၀ခန့် တက်ရောက်ကြပြီး ဆရာကြီး ဦးကျော်တင့်နှင့် ဆရာမကြီး ဒေါ်ခင်စိန်တို့အား ပူဇော်ကန်တော့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်၊ လူ ၂၀ သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ နံနက်ပိုင်း လူအသွားအလာများပြားချိန် နိုဝင်ဘာ ၂၄ ရက်က ဗုံးပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားသဖြင့် အနည်းဆုံး လူ၂၀ သေဆုံးသည်ဟု သိရသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် အစိုးရအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၁၃ဦးသေဆုံးကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။

သေဆုံး

နိုဝင်ဘာ ၂၄ ရက်က သီးခြားဖြစ်စဉ်တစ်ရပ်၌ လူစည်ကားသည့် အစိမ်းရောင်ဇုန်အပြင်ဘက်တွင် အမျိုးသမီးတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် ခုနစ်ဦးသေဆုံးခဲ့သည်။

ထိုဗုံးခွဲတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရသူ အများအပြားရှိကြောင်း ရှေးဦးသတင်းများကဆိုသည်။ လမ်းဘေးဗုံးခွဲ တိုက်ခိုက်သဖြင့် သေဆုံးသူ ၁၃ဦးမှာ အီရတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ အမျိုးသမီးအလုပ်သမားများ ဖြစ်သည်ဟု ဆေးရုံနှင့်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ အစိမ်းရောင်နယ်မြေတွင် နိုဝင်ဘာ ၂၄ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဆွဲကားဖြင့် သယ်ဆောင်သွားစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ် ကာဂျီကီဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကိုတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးပေါက်ကွဲ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၅

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် နိုဝင်ဘာ ၂၄ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှမရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန သတင်းတစ်ရပ်၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်ကာဂျီကီဒေသအနီး၌ ဗြိတိသျှတော်ဝင်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ကင်းလှည့်ကားဖြင့် စီးနင်းလိုက်ပါကာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ယင်းကားအား လမ်းဘေးဗုံးထိမှန်သဖြင့် ၄င်းတပ်ဖွဲ့ဝင် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

ယခုသေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးနှင့်ဆိုလျှင် ၂၀၀၁ခုနှစ်နှောင်းပိုင်းကတည်းက ယနေ့အထိ အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၁၂၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရသိရှိရသည်။

တိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တွင် မကြာမီလများအတွင်းက ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အခြားပြည်ပမှ တပ်ဖွဲ့ဝင်များအား တာလီဘန် လက်နက်ကိုင်များက အရှိန်အဟုန်မြင့် တိုက်ခိုက်လျက်ရှိရာ ယင်းပြည်နယ်သည် အာဖဂန်နစ္စတန်နိုင်ငံ၏ မငြိမ်မသက်ဖြစ်သော ပြည်နယ်များအနက် တစ်ခုအပါအဝင် ဖြစ်လာသည်ဟု ဆိုသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ကိုးဦးဒဏ်ရာရရှိ

ပက်ရှဝါ နိုဝင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံပက်ရှဝါမြို့ အနောက်မြောက်ပိုင်း ရှီးယိုက်တို့ နေထိုင်ရာ ဒေသတွင် နိုဝင်ဘာ ၂၄ ရက်က ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖြစ်ပွား

အဆိုပါ ပေါက်ကွဲမှုသည် ဟက်ချ်နာဂရီ မြို့ဟောင်းဒေသရှိ အီမန်ဘာဂက်ချ် အဆောက်အအုံအနီးတွင် ဖြစ်ပွားခဲ့ပြီး အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းအချို့ ပျက်စီးသွားကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ရုပ်မြင်သတင်းဌာနများသတင်း ထုတ်ပြန်ခဲ့ပြီး အီမန်ဘာဂက်ချ် အဆောက်အအုံအား ကြီးကြပ်စောင့်ရှောက်သူတစ်ဦးလည်း ဒဏ်ရာရရှိသူများတွင်ပါဝင်ကြောင်း အစိုးရပိုင်အေပီပီသတင်းဌာနက သတင်း ထုတ်ပြန်သည်။

ပို့ဆောင်ပေးခဲ့

ရဲတပ်ဖွဲ့နှင့် အခြားလုံခြုံရေးအဖွဲ့များက အခင်းဖြစ်ပွားရာအရပ်ကို စောင့်ကြပ်ပိတ်ဆို့ထားကြောင်း၊ ဒဏ်ရာရသူများအား အနီးရှိ လေဒီရိဒင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း အရာရှိများက ပြောကြားသည်။ (အင်တာနက်)

အီရတ်နိုင်ငံအတွင်း စစ်သွေးကြွများ တိုက်ခိုက်နေမှု ဆီးရီးယားတို့ကြောင့်ဟု ပြစ်တင်ဝေဖန်

ဒမတ်စကက် နိုဝင်ဘာ ၂၅

ဆီးရီးယားနိုင်ငံက အီရတ်လုံခြုံရေးဆိုင်ရာ ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ အီရတ်နိုင်ငံအား တိုက်ခိုက်နေသည့် စစ်သွေးကြွများအား ဆီးရီးယားက လက်ခံထားကြောင်း အမေရိကန်တစ်နိုင်ငံတည်းကသာ နိုဝင်ဘာ ၂၃ ရက်တွင် စွပ်စွဲပြောကြားသည်ဟု ညီလာခံကိုယ်စားလှယ်များက ပြောကြားသည်။

တိုက်တွန်း

အီရတ်နိုင်ငံအတွင်း ဝင်ရောက် တိုက်ခိုက်ရေးအတွက် အကြမ်းဖက် ကွန်ရက်များကို မိမိနိုင်ငံအတွင်း စခန်းချခွင့်ပြုထားခြင်းကို ဆီးရီးယားနိုင်ငံက ရပ်ဆိုင်းရမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတာဝန်ခံ မီးစ်မော်ရာကွန်နယ်လီက တောင်းဆိုလိုက်သည်။

ချီးကျူး

အမေရိကန်အစိုးရ၏ မဟာမိတ်တစ်ဦးဖြစ်သည့် ဗြိတိန်နိုင်ငံကမူ အီရတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ဝင်ရောက်တိုက်ခိုက်ခြင်း မရှိအောင် ကာကွယ်သည့်အတွက် ဆီးရီးယားနိုင်ငံကို မကြာမီက ချီးကျူးပြောကြားသည်။

ဗြိတိန်သံအမတ်ကြီးကလည်း အီရတ်၏ အိမ်နီးချင်းများအနေဖြင့် မိမိတို့နိုင်ငံကို ခြေကုပ်ယူပြီး အီရတ်အား အကြမ်းဖက်သမားတို့ မတိုက်နိုင်အောင် ဆောင်ရွက်ကြဖို့ ယေဘုယျ တိုက်တွန်းပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါကစ္စတန်နိုင်ငံ ဟက်ချ်နာဂရီဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အီမန်ဘာဂက်ချ် အဆောက်အအုံနှင့် ကားအချို့ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် နိုဝင်ဘာ ၂၄ရက်က ဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော ကားတစ်စီးကိုတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ငါးဦးသေဆုံး၊ တစ်ဦးပျောက်ဆုံးနေ

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နိုဝင်ဘာ ၂၄ ရက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း တရုတ်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ပျက်စီး

မြေပြိုမှုကြောင့် နေအိမ်နှစ်လုံးနှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း၊ မြေပြိုမှုဖြစ်ပွားသည့်နေရာမှာ ဟေချီမြို့တွင်ဖြစ်ကြောင်း သိရသည်။ မြေပြိုမှုကြောင့် နောက်တွဲယာဉ်နှစ်စီး၊ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့လည်း ပျက်စီးခဲ့သည်။ **(အင်တာနက်)**

ဇီဝသိပ္ပံ

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ခန့်က ပင်ဂွင်းမျိုးစိတ် တွေ့ရှိ

ဝယ်လင်တန် နိုဝင်ဘာ ၂၅

နယူးဇီလန်နိုင်ငံ ကျွန်းတစ်ကျွန်းမှ တွေ့ရှိခဲ့ရသော ပင်ဂွင်းငှက်အချို့ကို နယူးဇီလန်သုတေသနပညာရှင်များက လေ့လာသုတေသနပြုခဲ့ရာ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်က အသက်ရှင်နေထိုင်ခဲ့သည့် အလွန်ရှားပါးသော ပင်ဂွင်းငှက်မျိုးစိတ်ဖြစ်သည်ကို သိရှိခဲ့ရကြောင်း ၄င်းတို့က ပြောကြားသည်။

ကောင်းရေတိုးလာ

အဆိုပါ ပင်ဂွင်းငှက်မျိုးများမှာ နယူးဇီလန်နိုင်ငံ ကျွန်းစုများသို့ ရောက်ရှိလာခဲ့ပြီးနောက် နှစ်ပေါင်း ၂၅၀ အတွင်း အကောင်ရေ ၁၅၀၀ခန့်အထိ တိုးလာခဲ့သည်ဟု ဆိုသည်။

သို့သော် မူလရောက်ရှိလာခဲ့သော အဆိုပါဝေတာဟာ ပင်ဂွင်းငှက်မျိုးမှာ မျက်လုံးအဝါရောင်ရှိပြီး ထူးခြားသော ကိုယ်ခန္ဓာဖွဲ့စည်းမှုရှိကာ အမွေးအတောင်များမှာ နူးညံ့ကြောင်း နယူးဇီလန် သုတေသနပညာရှင်များက ပြောကြားသည်။

မျိုးသုဉ်းပျောက်ကွယ်

ယခုတွေ့ရှိလေ့လာခဲ့ရသည့် ပင်ဂွင်းငှက်များမှာ နောက်ထပ်ရောက်ရှိလာသော ပင်ဂွင်းငှက်မျိုးစိတ်များကြောင့် တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်တော့မည့် အနေအထား ရောက်ရှိလာနေကြောင်း သိရသည်။

ပင်ဂွင်းငှက်များ၏ မျိုးစိတ်များကို ဆက်လက်သုတေသနပြုခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ကပင် အသက်ရှင် နေထိုင်ကျက်စားခဲ့သော ငှက်မျိုးစိတ်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ သုတေသနပညာရှင် ဖီးလစ်ဆက်ဒွန်က ပြောကြားသည်။

(အင်တာနက်)

တောင်ကိုရီးယား၏ ရာသီဥတုဆိုင်ရာ ဂြိုဟ်တုလွှတ်တင်မည်



ဆိုးလ် နိုဝင်ဘာ ၂၅

တောင်ကိုရီးယားနိုင်ငံက ပင်လယ်ရေကြောင်းနှင့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်ရန် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လာမည့် ၂၀၀၉ခုနှစ် ဇွန်လတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါ ဂြိုဟ်တုသည် တောင်ကိုရီးယားနှင့် ပြင်သစ်နိုင်ငံတို့ ပူးတွဲပြုလုပ်ထားခြင်းဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်ပေါ်၌ လွှတ်တင်ထားကာ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ယင်းဂြိုဟ်တုသည် အလေးချိန် ၂ ဒသမ ၅တန်ရှိကာ မြေပြင်နှင့် ရေပြင်ဧရိယာ စတုရန်းကီလိုမီတာ ၂၅၀၀ကို လွှမ်းခြုံဖြန့်ကြက်ကာ သတင်းအချက်အလက်များကို ရယူမည်ဖြစ်သည်။ ဂြိုဟ်တု၏ တည်နေရာကို တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းပေါ်ရှိ ပိုဟန်မြို့အနောက်ဘက် အရှေ့လောင်ဂျီကျု ၁၃၀ နှင့် မြောက်လတ္တီကျု ၃၆ ဒီဂရီတွင် ထားရှိကာ သတင်းအချက်အလက်နှင့် ဓာတ်ပုံများ ပြန်လည်ပေးပို့မည် ဖြစ်သည်။

ဂြိုဟ်တုအတွက်ကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ ၂၃၆ ဒသမ ၄ ဘီလီယံရှိကြောင်း သိရသည်။

(အင်တာနက်)

ဘဝအမောပြေ

စိတ်မပူပါနဲ့ ....

ခွဲစိတ်ကုသမှု ခံယူရမည့် လူနာတစ်ဦးက စိုးရိမ်ကြောက်လန့်နေသဖြင့် ဆရာဝန်က ဖျောင်းဖျလျက်ရှိသည်။

လူနာ ။ ။ ကျွန်တော်မခွဲစိတ်လို့မရဘူးလား။
ဆရာဝန် ။ ။ မရပါဘူး....ခင်ဗျားရောဂါက ခွဲစိတ်မှပျောက်မယ့်အနေအထားပါ။
လူနာ ။ ။ ကျွန်တော်ခွဲစိတ်ကုသမှု တစ်ကြိမ်မျှမလုပ်ခဲ့ဖူးဘူး။
ဆရာဝန် ။ ။ စိတ်မပူပါနဲ့။
လူနာ ။ ။ ကျွန်တော့်ကို ခွဲစိတ်ကုသမှု မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ ဒေါက်တာ။
ဆရာဝန် ။ ။ ဒီအတွက်တော့ မပူပါနဲ့.... ခွဲစိတ်ကုသမှု မအောင်မြင်ရင်လဲ ခင်ဗျား ဘာမှသိနိုင်တော့မှာ မဟုတ်ပါဘူး။
လူနာ ။ ။ "ဗျာ"

အင်တာနက် ကျန်းမာရေး

နို့နှင့် နို့ထွက်ပစ္စည်းမျာစားသုံးလျှင် အဝလွန်မှုကို ထိန်းချုပ်နိုင်

နွားနို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းသည် ကိုယ်အလေးချိန်များပြားနေမှုအား လျှော့ကျစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

လောင်ကျွမ်းပျက်စီး

နွားနို့နှင့် နို့ထွက်ပစ္စည်းများတွင် ပါဝင်သော ဓာတ်များမှာ အဝလွန်မှုကို ဖြစ်စေသည့်ဓာတ်များအား လောင်ကျွမ်းပျက်စီးသွားစေကြောင်း ၄င်းတို့က ပြောကြားသည်။

စိုပြည်ချောမွေ့

နွားနို့ နေ့စဉ်တစ်ခွက် သောက်သုံးသွားပါက ဆီးနှင့်ဝမ်းများကို ပုံမှန်ဖြစ်ပြီး အသားအရေ စိုပြည်ချောမွေ့လာစေမည်ဖြစ်ကြောင်း အမေရိကန်ပညာရှင်များက ပြောကြားသည်။

ပုံမှန်လေ့ကျင့်

ကယ်လ်ဆီယမ်ပေါကြွယ်ဝမှုကြောင့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ပါက ရက်အနည်းငယ်အတွင်း သိသာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

ဆိုမာလီပင်လယ်ဓားပြမှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်း

သတင်းအက်ဆေး

ပြန်ပေးဆွဲငွေညှစ်ရန် အကွက်ချောင်းနေသည့် ပင်လယ်ဓားပြများ ပင်လယ်ပြင်တွင် အုပ်စုဖွဲ့သောင်းကျန်းမှုနှင့်စပ်လျဉ်း၍ ဆိုမာလီကမ်းလွန်ပင်လယ်မှာ ကမ္ဘာ့ပေါ်၌ လောလောဆယ် ဒုက္ခအပေးဆုံးနေရာဖြစ်သည်။

ငါးဖမ်းသင်္ဘော၊ ကုန်တင်သင်္ဘောနှင့် အပျော်စီးသင်္ဘောပါမကျန် ပင်လယ်ဓားပြများက ပြန်ပေးဆွဲသည့်သတင်းများ မကြာမီရက်ပိုင်းများက ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည်။

ဆိုမာလီပင်လယ်ဓားပြများက အရမ်ကို ဆော်ဒီအာရေဗျ ရေနံကုမ္ပဏီပိုင် စတားအမည်ရှိ ရေနံတင်သင်္ဘောကြီးကို ပြန်ပေးဆွဲလိုက်သောအခါ ရေကြောင်းသွားလာရေးသမိုင်းတွင် အံ့မခန်းဖွယ်ရာ စီးနင်းသိမ်းပိုက်မှုကြီး ဖြစ်ရသည်။

တောင်ကိုရီးယားနိုင်ငံ၌ တည်ဆောက်သည့် ဤစတားရေနံတင် သင်္ဘောကြီးမှာ အမေရိကန်လေယာဉ်တင် သင်္ဘောကြီးပမာ ပေ၁၀၈၀(မီတာ ၃၃၀)ရှည်သည်။ ယခုနှစ် မတ်လမှ စတင်အသုံးပြုခဲ့သည်။ သင်္ဘောပေါ်တွင် ရေနံစည်ပေါင်း နှစ်သန်းတင်ဆောင်ထားသည်ဟု သိရသည်။

စတားရေနံတင် သင်္ဘောကြီးကို ကင်ညာနိုင်ငံ အရှေ့တောင်ဘက် ကမ်းလွန်ဒေသရေမိုင် ၄၅၀တွင် ဆိုမာလီပင်လယ်ဓားပြများက ပြီးခဲ့သည့် နိုဝင်ဘာ ၂၂ရက်က ဖမ်းဆီးပြန်ပေးဆွဲခဲ့ကြခြင်း ဖြစ်သည်။ ပင်လယ်ဓားပြတို့ ဖမ်းဆီးပြန်ပေးဆွဲသည့် သင်္ဘောများအနက် ယခုအထိ အကြီးမားဆုံးသင်္ဘောဖြစ်သည်။

စတားရေနံတင် သင်္ဘောကြီးသည် အာဖရိကတိုက်၏ တောင်ဘက်စွန်းမှဖြတ်ကာ အမေရိကန်နိုင်ငံသို့ ဦးတည်ခုတ်မောင်းစဉ် ပင်လယ်ဓားပြတို့၏ တိုက်ခိုက်မှုကို ခံလိုက်ရခြင်းဖြစ်သည်။ အာဖရိကတိုက် တောင်စွန်းရှိ ဂွတ်ဟုတ်အငူကို ဖြတ်ကာ ပင်လယ်ကွေ့ရေနံများ အနောက်အုပ်စုသို့ တင်ပို့သည့် ထိုခရီးစဉ်မှာ ပင်မလမ်းမကြီးတစ်ခုဖြစ်သည်။ ယခုတော့ စတားရေနံတင်သင်္ဘောကြီးမှာ ဆိုမာလီနိုင်ငံ ဆိပ်ကမ်းမြို့တစ်ခုဖြစ်သော ဟာရာဟီရီကမ်းလွန်၌ ပြန်လည်ကျောက်ချထားသည်ဟု အမေရိကန်ရေတပ်က ကြေညာသည်။ သင်္ဘောပေါ်တွင် သင်္ဘောသား ၂၅ ဦးလိုက်ပါပြီး ဗြိတိသျှနှစ်ဦး၊ ပိုလန်နှစ်ဦး၊ ခရိုအက်တစ်ဦး၊ ဆော်ဒီအာရေဗျတစ်ဦးနှင့် ဖိလစ်ပိုင် ၁၉ ဦးတို့ဖြစ်သည်။

ရေနံတင်သင်္ဘောကြီးကို ဖမ်းဆီးပြန်ပေးဆွဲထားစဉ် အေဒင်ပင်လယ်ကွေ့မှ အခြားသင်္ဘောနှစ်စင်းကိုလည်း ဖမ်းဆီးလိုက်သည်ဟု သိရသည်။ လောလောဆယ် ပင်လယ်ဓားပြများလက်ဝယ်တွင် သင်္ဘောတစ်ဒါဇင်ခန့်အနည်းဆုံးရှိပြီး ဓားစာခံ ၂၅၀ ဝန်းကျင်ရှိသည်ဟုဆိုသည်။

ပင်လယ်ဓားပြများ ပြီးခဲ့သည့် တစ်နှစ်အတွင်းက ပြန်ပေးဆွဲရရှိငွေ စုစုပေါင်း ဒေါ်လာသန်း ၁၅၀ ကျော်ရှိသည်ဟု ကင်ညာနိုင်ငံက နိုဝင်ဘာ ၂၁ ရက်က ထုတ်ပြန်ကြေညာသည်။

နိုင်ငံတကာရေကြောင်းသွားလာမှုအဖွဲ့(အိုင်အမ်ဘီ)ကလည်း ဆိုမာလီကမ်းလွန်တွင် ၂၀၀၇ ခုနှစ်အတွင်းက ပင်လယ်ဓားပြမှုကျူးလွန်ရန် ကြံစည်မှု၊ ပင်လယ်ဓားပြမှုပေါင်း ၃၁ခုရှိကြောင်း ကြေညာသည်။ ၂၀၀၈ခုနှစ်တွင် စတားရေနံတင်သင်္ဘောကြီး၊ အခြား ကုန်သင်္ဘောတစ်စင်း၊ ငါးဖမ်းသင်္ဘောတစ်စင်းနှင့်ပါဆိုလျှင် ပင်လယ်ဓားပြတို့ ပြန်ပေးဆွဲသည့် သင်္ဘောပေါင်း ၉၅စင်း ရှိသွားခဲ့ပြီဖြစ်သည်။



ဆိုမာလီပင်လယ်ဓားပြအများစုသည် အသက်မွေးဝမ်းကျောင်းအဖြစ်ငါးဖမ်းခဲ့ကြသူတံငါသည်များဖြစ်သည်။ ဆိုမာလီအစိုးရက ရေပိုင်နက်ကို ကောင်းကောင်းအကာအကွယ်မပေးနိုင်သောအခါမိမိရေပိုင်နက်မိမိကာကွယ်ရာမှအစ ပင်လယ်ဓားပြလုပ်ငန်းက ငွေအရချောင်ကာ လောကစည်းစိမ် ခံစားတတ်လာကြခြင်းဖြစ်သည်။

သည့်နောက်တော့ ဆိုမာလီစစ်နယ်ရှင်များ၏ လက်နက်ကိုင်များလည်း ပင်လယ်ဓားပြလုပ်ငန်းတွင် ပါဝင်ပူးပေါင်းလာကြသည်။ စည်းစိမ်ခံလာကြသည်။ ဝင်ငွေဖြောင့်သည့် ဤလုပ်ငန်းကို ဝိသမလောဘတက်သည့် စီးပွားရေးသမားများကပါ ဈေးကွက်တစ်ခုအဖြစ် မြင်လာကာ ပါဝင်လာကြသည်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေကြပြီ။

"ဆိုမာလီဓားပြများတွင် အသေအချာလေ့ကျင့်ထားသူများ ပါဝင်တယ်။ သူတို့ ပြန်ပေးဆွဲမယ့် သင်္ဘောနားကပ်မိတာနဲ့တစ်ပြိုင်နက် ဓားပြတွေက သင်္ဘောပေါ် ရောက်သွားပါပြီ။ လျင်လိုက်တာ။ ဓားစာခံတွေက သူတို့လက်ထဲ ရောက်နေတော့ ဘယ်လိုလုပ်ပြီး ဓားပြတွေကို နှိမ်နင်းလို့ရတော့မှာလဲ"ဟူ၍ အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီးက ဖွင့်ဟပြောကြားသည်။

မှန်ပါသည်။ ဆိုမာလီဓားပြများသည် ဓားပြတိုက်ရာ၌ လျင်မြန်ပိရိသည့်အပြင် ခေတ်မီလက်နက်၊ ဆက်သွယ်ရေးကိရိယာများကိုလည်း ကိုင်ဆောင်ထားကြသည်။ ပင်လယ်အကြောင်း နှောကျေနေသူများဖြစ်သည်။ တစ်ခါတစ်ရံတွင် ဒုက္ခရောက်နေဟန်ဆောင်ထားပြီး ကယ်မည့်သူအနားရောက်ကာမှ ဓားပြတိုက်တော့သည်။ မာလိန်မှူးများမှာ ကျောချမှဓားပြမှန်းသိတော့သည်။

ပင်လယ်ဓားပြများသည် စတင်တိုက်ခိုက်စဉ် လူခုနစ်ဦးမှ အများဆုံး ၁၀ဦးအထိသာရှိသည်။ ဓားစာခံများ ဖမ်းမိသွားသောအခါ ထိုသင်္ဘောပေါ်သို့ ဘယ်ကဘယ်လိုရောက်လာသည်မသိ ဓားပြ ၅၀အထိ ချက်ချင်းတိုးလာသည်။ ထိုအချိန်တွင် အရေးပေါ်ကိစ္စအတွက် ဆိပ်ကမ်း၌လည်း ဓားပြ ၅၀က အဆင်သင့် ဖြစ်နေပြန်သည်။

ဓားစာခံများကိုလည်း "သူတို့ကို ခုခံအနှောင့်အယှက်မပေးသမျှ ဖမ်းထားသူများကို မဲ့တစ်ပေါက်မစွန်းစေရဘူး၊ သူတို့အလိုရှိသည်ကတော့ 'ငွေ'၊ 'ပြန်ပေးငွေ'ပဲဖြစ်ကြောင်း၊ ဓားစာခံများ တစ်စုံတစ်ရာဘေးတွေ့လျှင် ပြန်ရွေးရန်ငွေပေးဖို့မလိုကြောင်း" ပင်လယ်ဓားပြများက ရှေးဦးစွာ ရှင်းပြလေ့ရှိသည်။

ဓားစာခံများကို ငွေပေးရွေးယူရမည့်သူက သင်္ဘောပိုင်ရှင်ဖြစ်သည်။ သူကလည်း သူ့သင်္ဘောသားများ အန္တရာယ်အဖြစ်မခံနိုင်၊ စီးပွားရေးလုပ်နေသူ မဟုတ်ပါလား။

ဆိုမာလီပင်လယ်ဓားပြများသည် ဆိုမာလီနိုင်ငံမြောက်ပိုင်း ပန့်တလန်ဒေသကို အခြေစိုက်လှုပ်ရှားသည်။ သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲ ခေါ်ဆောင်လာပြီဆိုသော သတင်းက အိုင်းလ်ဆိပ်ကမ်းမြို့ကလေးတစ်ခုလုံး သတင်းပျံ့သွားပြီး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ စာရင်းကိုင်ပေးမည့်သူ ၊စကားပြန်လုပ်မည့်သူကအစ မော်တော်ကား တစီစီ၊ တယ်လီဖုန်းတဂွမ်ဂွမ်နှင့် လှုပ်ရှားကုန်ပြီ။ ပင်လယ်ဓားပြများနှင့် ဓားစာခံများ အတွက် အထူးပျော်ပွဲစားရုံများကလည်း ပြင်ဆင်နေကြပြီ။

သင်္ဘောတစ်စင်းပြန်ပေးဆွဲလျှင် ဒေါ်လာ ၃၀၀၀၀၀မှ တစ်သန်းခွဲ၊ နှစ်သန်းအထိရနေကျ။ ယခုအခါ ဆော်ဒီအာရေဗျ ရေနံတင် စတားသင်္ဘောနှင့် သင်္ဘောသား ၂၅ဦးကို ပြန်ရွေးယူရန် ဒေါ်လာ ၂၅သန်း ၁၀ရက်အတွင်းပေးရန် တောင်းထားသည်။ ဆိုမာလီပင်လယ်ဓားပြများဝင်ငွေဖြောင့်နေသမျှ ဤအိုင်းလ်ဆိပ်ကမ်းမြို့ကလေးမှာ စည်ပင်ဝပြောနေမည်ဖြစ်သည်။

သင်္ဘောအာမခံပရီမီယံကြေးများမှာ ယခုနှစ်တွင် ၁၀ဆတက်သွားရသည်။ သင်္ဘောကုမ္ပဏီများကလည်း အေဒင်ပင်လယ်ကွေ့၊ ဆူးအက်တူးမြောင်းတို့ကို ဖြတ်ပြီး ဥရောပသို့ ကုန်တင်ပို့ရေးလမ်းကို အသုံးပြုမှုကို ဆက်လျှောက်သင့်၊ မလျှောက်သင့် စဉ်းစားနေသည်။ ခက်သည်က အာဖရိကတိုက်တောင်ဘက်စွန်း ဂွတ်ဟုတ်အငူကို ကွေ့ပတ်သင်္ဘောခုတ်မောင်းနေရသော် သယ်ယူပို့ဆောင်ခပိုလာသည့်အလျောက် စားသုံးသူများထိခိုက်နစ်နာပေဦးမည်။ ပို၍ခက်သည်က ဂွတ်ဟုတ်အငူကို ဖြတ်မည့်သင်္ဘောကိုပင်

ဖြတ်၍ ပင်လယ်ဓားပြတိုက်ခြင်းက ရေကြောင်းသွားလာမှု အန္တရာယ်မှာ ထိုဒေသတစ်ဝိုက်မည်မျှကြီးမားကြောင်း ဖော်ပြနေခြင်းဖြစ်သည်။

ထိုဒေသကို နိုင်ငံတကာ ရေတပ်သင်္ဘောများ အာရုံစိုက်လာရသည်။ ရုရှားစစ်သင်္ဘောများစေလွှတ်ဦးမည်ဟုကြေညာသည်။ ယခုလအစောပိုင်းကလည်း "ဘာမထိ"ဟု အမိပ္ပာယ်ရသည့် ရုရှားစစ်သင်္ဘောက အေဒင်ပင်လယ်ကွေ့တွင် သင်္ဘောများကိုပြန်ပေးဆွဲမည့် ပင်လယ်ဓားပြများကို ခြောက်လန့်ပေးခဲ့ရကြောင်း ရေတပ်ဗိုလ်ချုပ်ကြီးဗလာဒီဟာဗစ်ဆော့စကီးက ပြောဆိုသည်။

အလားတူပင် အေဒင်ပင်လယ်ကွေ့ရောက် အိန္ဒိယစစ်သင်္ဘောတစ်စင်းက ဆိုမာလီကမ်းလွန်၌ တွေ့ရသည့် ပင်လယ်ဓားပြသင်္ဘောတစ်စင်းကို နှစ်မြှုပ်ပစ်လိုက်ကြောင်း ကြေညာသည်။ ပင်လယ်ဓားပြများမှာ စပိဘုတ်နှစ်စင်းနှင့် ထွက်ပြေးစဉ် တစ်စင်းလွတ်မြောက်သွားသည်။ ရုရှားနှင့် အိန္ဒိယသာမက ပြင်သစ်၊ တောင်ကိုရီးယား၊ စပိန်၊ အမေရိကန်နှင့် နေတိုးအဖွဲ့ စစ်သင်္ဘောများပါ ထိုဒေသတွင် ကင်းလှည့်နေကြရသည်။ အီးယူက ဒီဇင်ဘာတွင် စစ်သင်္ဘောများစေလွှတ်ဦးမည် ဖြစ်သည်။

ဆိုမာလီပင်လယ်ဓားပြသောင်းကျန်းမှုကြောင့် ပင်လယ်နီနိုင်ငံများ၏ အရေးပေါ်အစည်းအဝေးကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ နိုဝင်ဘာ ၂၀ရက်က ကျင်းပသည်။ ဂျော်ဒန်၊ ဆော်ဒီအာရေဗျ၊ ဆူဒန်၊ယီမင်၊ ဆိုမာလီယာနှင့် အီဂျစ်အစိုးရထိပ်တန်းအရာရှိများ တက်ရောက်သည်။ ဆိုမာလီနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားရေး အကူအညီများပေးကြရန်လည်း အစည်းအဝေးတွင် တိုက်တွန်းခဲ့သည်။

ဆိုမာလီနိုင်ငံတွင် ဩဇာညောင်းသည့် အစိုးရတစ်ရပ် ၁၇နှစ်ကြာကင်းမဲ့နေခြင်းသည် ဆိုမာလီပင်လယ်ဓားပြ ပြဿနာလို အခြားအခြားသောပြဿနာများ တာရှည်စေပါသည်။ စင်စစ် လက်ရှိကြားဖြတ်အစိုးရမှာ ဒေသကြီးများကိုပင် ထိန်းရန်မနည်းကြိုးပမ်းနေရချိန်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဇွန်လအတွင်း အတည်ပြုလိုက်သည့် ဆုံးဖြတ်ချက်အရ ဆိုမာလီကြားဖြတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံများအနေဖြင့် ပင်လယ်ဓားပြများ လိုက်လံနှိမ်နင်းရေးအတွက် ဆိုမာလီယာနိုင်ငံ ရေပိုင်နက် အတွင်းသို့ ဝင်ရောက်ချေမှုန်းခွင့်ကို ခြောက်လတိုင်ပေးထားသည်။

ယခုအခါ နေတိုးနှင့် အမေရိကန်ရေတပ်များက ပူးတွဲလုပ်ဆောင်ပြီး ရုရှားနှင့် အိန္ဒိယရေတပ်တို့ကလည်း သီးခြားစီဆောင်ရွက်လျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ဆိုမာလီပင်လယ်ဓားပြမှုများသည် နိုင်ငံတကာက အာရုံပြုလာရသည့် နိုင်ငံတကာ ပြဿနာတစ်ရပ်ဖြစ်လာသည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံစုစည်း လှုပ်ရှားမှုဖြစ်စဉ်(ဂလိုဘယ်လိုက်ဇေးရှင်း)၏ အသွင်လက္ခဏာကို ဤဖြစ်ရပ်က ဖော်ပြနေသည်ဟု ဆိုနိုင်သည်။ အကယ်၍ ပင်လယ်ဓားပြများကသာ ရေနံတင်သင်္ဘောကြီးကို အပေါက်တစ်ပေါက် ဖြစ်သွားအောင် လုပ်လိုက်မည်ဆိုပါက ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ကာ ဤအဆို မှန်ကန်ကြောင်း ခွင်းချက်မရှိ လက်ခံလာရမည်ဖြစ်သည်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုမိုအရေးပါလာသကဲ့သို့ တစ်ချိန်တည်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မှေးမှိန်သွားနိုင်ပေသည်။ ဆိုမာလီပင်လယ်ဓားပြတိုက်မှုများကြောင့် ယခုအခါ ဆိုမာလီနိုင်ငံ အရေးပါလာသည်။ သို့သော် ဆိုမာလီနိုင်ငံ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာမူ လျှော့ပါးသွားရပါတော့သည်။ ။ **ကိုးကား အင်တာနက်**

တိုး ရေးသားသည်

26-11 (05).pmd 1 11/26/2008, 2:28 AM

ဇီဝဓာတ်ငွေ့ထုတ် ပေါင်းအိုးသည် မီးရရှိရုံသာမက
ထမင်းဟင်းချက်ရာတွင် ထင်းအစားထိုး လောင်စာအဖြစ် အသုံးပြုနိုင်
စွန့်ပစ်ပစ္စည်းများ မြေဩဇာအဖြစ်အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအတွက်အသုံးဝင်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် နယ်မြေခံတပ်ရှိ ခြံစည်းရိုးကြက်ဆူစေ့ ၂၀၀ စိုက်ခင်း ရေရရှိရေးအတွက် တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် တိုင်းမှူးသည် မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ တောင်သူ ဦးမြကြိုင်၏ နေအိမ်၌ TAS ကုမ္ပဏီလီမိတက်၏ ဇီဝဓာတ်ငွေ့ထုတ်ပေါင်းအိုးဖြင့် ထမင်းပေါင်းအိုးနှင့်ဓာတ်ငွေ့မီးဖိုများကို အသုံးပြု၍ ဟင်းနှင့်ရေနွေးအိုးချက်ပြုတ်မှုများ၊ ဝပ် ၆၀ ရှိ ဓာတ်ငွေ့သုံး မီးလုံးဖြင့် အလင်းရောင်ရယူနိုင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဇီဝဓာတ်ငွေ့ထုတ်ပေါင်းအိုးသည် မီးရရှိရုံသာမက ထမင်းဟင်းချက်ရာတွင် ထင်းအစားထိုးလောင်စာအဖြစ်အသုံးပြုနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများကို မြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်းတို့ကြောင့် တောင်သူများအတွက် လက်တွေ့အသုံးဝင် အကျိုးရှိသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် သာယာကုန်းကျေးရွာ တောင်သူ ဦးဆာသင်ရယ်၏နေအိမ်၌ ဇီဝဓာတ်ငွေ့ထုတ် ပေါင်းအိုးဖြင့် ထမင်း၊ ဟင်း၊ ရေနွေးအိုး ချက်ပြုတ်မှုများ လက်တွေ့အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အမြန်ဆုံးတပ်ဆင်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ရန်ကုန်တိုင်းအတွင်း ကျေးရွာအသီးသီး၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံသုံး ဇီဝဓာတ်ငွေ့ထုတ် ပေါင်းအိုးများ အမြန်ဆုံး တပ်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာ-ရေဝေ ကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်ရှိ ဦးအောင်ခင်ပိုင်သည့် ယာခင်းအတွင်း ရှေးဟောင်းသုတေသနဌာနမှ တူးဖော်ရရှိသည့် ရှေးဟောင်းပစ္စည်းမျိုးစုံကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်တွေ့သရုပ်ပြသ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မှော်ဘီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် TAS ကုမ္ပဏီလီမိတက်၏ ဇီဝဓာတ်ငွေ့ထုတ်ပေါင်းအိုးဖြင့် လက်တွေ့သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



မိတ္ထီလာမြို့နယ် မြာ-ရေဝေကျေးရွာမှ ကြေးခေတ်၊ သံခေတ် အထောက်အထားများတွေ့ရှိ
သံခေတ်နှောင်း ယဉ်ကျေးမှုထွန်းကားသော ဒေသအဖြစ်ဖော်ထုတ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့သမိုင်းတွင် ကွင်းဆက်ကွက်လပ်ဖြစ်နေခဲ့သော ကြေးခေတ်၊ သံခေတ်အထောက်အထားများကို တူးဖော် သုတေသနပြု၍ စဉ်ဆက်မပြတ် ဆက်စပ်ဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ၁၉၉၈ခုနှစ်မှ စတင်၍ တူးဖော် သုတေသနပြုခဲ့ပြီး အတော်အတန်ပြည့်စုံ ခိုင်မာသော ကြေးခေတ်၊သံခေတ် ယဉ်ကျေးမှုအထောက်အထားများ တွေ့ရှိခဲ့ပြီဖြစ်သည်။

ယခုတစ်ဖန် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးအေးမောင် ဦးဆောင်သောအဖွဲ့သည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာ-ရေဝေ ကျေးရွာရှိ ကြေးခေတ်၊ သံခေတ် တူးဖော်မှု လုပ်ငန်းများကို စက်တင်ဘာ ၂၆ရက်မှ အောက်တိုဘာ ၂၈ရက်အထိ ဆောင်ရွက်ခဲ့ရာ သုတေသနပြုသည့် ကြေးခေတ်၊ သံခေတ် ဒေသသည် မိတ္ထီလာမြို့မှ တောင်ဘက် ခြောက်မိုင်ခန့်အကွာတွင်ရှိသော မြာ-ရေဝေ ကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်တွင်ရှိသည့် ဦးအောင်ခင်ပိုင် ယာခင်း၌ တည်ရှိသည်။

တူးဖော်သုတေသနပြုရာမှ ကြေးပြားစများနှင့် ယောက်သွား အပိုင်းအစများ၊ ရှစ်စင်တီမီတာခန့်ရှိ ကြေးချောင်းတစ်ချောင်း၊ သံဓားတစ်လက်၊ ပန်းရောင်ကျောက်ပုတီးစေ့အလုံးများ၊ အစိမ်းရောင်ကျောက်စိမ်းပုတီးစေ့ အတောင့်(ဗုံရှည်)များ၊ အဖြူရောင်ကြက်ခြေခတ်နှင့် ထိပ်ချွန်အစင်းများပါသော လေးထောင့်သဏ္ဍာန်ပုတီးစေ့အပြားများ၊ အလွန်သေးငယ်၍ အပေါက်ငယ်များပါသော အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်၊ အဖြူရောင် အပြားဝိုင်းသဏ္ဍာန်ရောင်စုံပုတီးစေ့များအပြင် အခြယ်အလှယ်မပါ ရွှေစေ့ခန့်ရှိ ပြောင်လုံးချောရွှေပုတီးစေ့ တစ်လုံးကိုလည်း တွေ့ရှိခဲ့ပြီး ဖင်လုံး အောက်ခြေပိုင်းဝန်းသော မြေအိုးများ၊ နှုတ်ခမ်းပတ်လည် မြောင်းပါသော မြေပန်းကန်ပြားများ၊ နှုတ်ခမ်းလုံး မြေပန်းကန်ပြားများ၊ နှုတ်ခမ်းလန် မြေခွက်များ၊ အမည်းရောင် မြေအိုး၊ မြေခွက်များ တိရစ္ဆာန်အရိုးများကို တူးဖော်တွေ့ရှိခဲ့ရသည်။ စုစုပေါင်းရုပ်ကြွင်း အပိုင်းအစမြှုပ်နှံမှု ၁၁ခုတွေ့ရပြီး ရုပ်ကြွင်းသုံးခုသာ ပြည့်စုံလုနီးပါး တွေ့ရှိရသည်။

ဖော်ထုတ်နိုင်

တူးဖော်တွေ့ရှိရသော အထောက်အထားများအရ ရုပ်ကြွင်းမြှုပ်နှံမှုအပြည့်အစုံတွေ့ရှိမှု နည်းပါးသဖြင့် ဒုတိယအကြိမ်မြှုပ်နှံသော သင်္ချိုင်း(Secondary Burlal Site)နေရာဖြစ်နိုင်ပြီး ပုတီးစေ့အပြားများသည် သရေခေတ္တရာ ပျူမြို့ဟောင်း၌လည်း တွေ့ရှိခဲ့ဖူးခြင်းကြောင့် ယခု မြာ-ရေဝေ ကျေးရွာ တူးဖော်ခြင်းသည် ပျူခေတ်ဦးနှင့် အလွန်နီးကပ်သော သံခေတ်နှောင်း ယဉ်ကျေးမှုထွန်းကားသော ဒေသတစ်ခုအဖြစ် ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍လည်း ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများကို တူးဖော်သုတေသနပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာ-ရေဝေကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်ရှိ ဦးအောင်ခင်ပိုင်သည့် ယာခင်းအတွင်း ရှေးဟောင်းသုတေသနဌာနမှ တူးဖော်တွေ့ရှိရသည့် ရုပ်ကြွင်းအပိုင်းအစများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအသိအမှတ်ပြုခံရသည့် အရည်အချင်းပြည့်ဆရာဝန်များ
မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ လေ့ကျင့် မွေးထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လေ့ကျင့်မွေးထုတ်

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောရာ၌ ဆေးတက္ကသိုလ်များမှ ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်များတွင် အောင်မြင်ခဲ့ကြသော ဆရာဝန်များအား ကျန်းမာရေးဝန်ကြီးဌာနကအလုပ်ခန့်ထားရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ နိုင်ငံတကာ အသိအမှတ်ပြုခံရသည့် အရည်အချင်းပြည့်ဝသော ဆရာဝန်များကိုလေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ မြန်မာဆရာဝန်များသည် နိုင်ငံခြားပါရဂူဘွဲ့စာမေးပွဲများကို လွယ်ကူစွာ ဖြေဆိုအောင်မြင်လျက်ရှိကြောင်း၊ ဤကဲ့သို့အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရန် သင်ကြားရေးဆရာများက ဝိုင်းဝန်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆေးကျောင်းသားများ အရည်အသွေး ပြည့်ဝစေရေးအတွက် စဉ်ဆက်မပြတ် ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးတွင် စီစဉ်ညီညွတ်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားပေး

ဆေးတက္ကသိုလ်များသို့ ဝင်ရောက်သင်ကြားခွင့်၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် အလုပ်အကျွေးပြုလိုသည့် သဘောထားခံယူချက်ရှိသည့် ကျောင်းသားများကိုသာ ရွေးချယ်သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးဆရာ ဆရာမများက ကျောင်းစည်းကမ်းနှင့်အညီ ကျောင်းသားများကို စဉ်ဆက်မပြတ် လေ့ကျင့် သင်ကြားပေးစေလိုကြောင်း၊ ကျောင်းစည်းကမ်းအရ ကျောင်းခေါ်ချိန် ပြည့်မီသူများ၊ အတန်းတွင်းလုပ်ဆောင်ချက် အရည်အချင်းပြည့်မီသူများသည် စာမေးပွဲ အောင်မြင်လျက်ရှိကြောင်း၊ ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ ကိုယ်တိုင်ပါဝင်၍ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ ရေးဆွဲသင်ကြားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဆေးပညာရှင် ဆရာဝန်များ၏ အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက အသိအမှတ်ပြု၍ အသက် ၆၀ ပြည့်ပြီးနောက်ပိုင်း အထူးလိုလားစွာ အလုပ်ခန့်ထားပေးလျက်ရှိသည်ကို တွေ့ရကြောင်းဖြင့် မှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များက မိမိတို့ဆေးတက္ကသိုလ်များအလိုက် ဆေးပညာသင်ကြားနေသည့် ကျောင်းသားများ၏ သင်ကြားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ဆေးတက္ကသိုလ်အသီးသီးတို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ဘာသာရပ်ဆိုင်ရာ သင်ကြားနေသည့် ကျောင်းသားများ၏ သဘောထားခံယူချက်၊ လေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက် ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီး စာပေပညာရှင်များ
ပူဇော်ကန်တော့ပွဲအတွက် ငွေလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် လှူဒါန်းပစ္စည်းများကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ဆက်သွယ်ပေးပို့လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၂၀၀၀၀၀၊ ပုံနှိပ်သူများက ငွေကျပ် ၃၆၁၀၀၀၊ တာချီလိတ်စာပေဟောပြောပွဲကျင်းပရေးကော်မတီက ငွေကျပ်၈၀၀၀၀၀၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၀၀၀၀၀၊ ကချင်ပြည်နယ် စာပေဟောပြောပွဲ ခရီးစဉ်က ငွေကျပ် ၁၉၀၀၀၀၀၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၃၇၃၅၀၀၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၀၀၀၀၀၊ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)က ငွေကျပ် ၂၀၀၀၀၀(**အပေါ်ပုံ**)၊ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သား ခန့်စည်သူ(ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်)က ငွေကျပ်၁၀၀၀၀၀၊မူဆယ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကငွေကျပ် ၁၀၀၀၀၀၊ ဒေါက်တာ နွယ်နွယ်ဝင်းက ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာကျော်စိန်-ဒေါ်တင်တင်အေးမိသားစုက ငွေကျပ် ၃၀၀၀၀၊ဝါးခယ်မစိုးမြင့်အောင်(ဖျံငါးကောင်တိုင်းရင်းဆေး)က ငွေကျပ်၂၂၀၀၀၊မြောက်ဥက္ကလာပမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၂၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၀၀၀၀၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးထွန်းရှိန်(သန်းဝင်းရှိန်)စာပေက ငွေကျပ် ၁၀၀၀၀၊ ဗိုလ်ရဲကျော်သူဝင်းအား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်-ဒေါ်ခင်ဆွေတင့်က ငွေကျပ် ၁၀၀၀၀နှင့် ဒေါ်စီစီညွှန့်က ငွေကျပ် ၂၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၃၈၅၂၇၃၊ ၂၅၂၄၁၇တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ မြို့နယ်အသင်းဝင်များ၊ ဆေးဝါးထုတ်လုပ်သူများနှင့် တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့နှင့် မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာအသင်းဝင်များ၊ ဆေးဝါးထုတ်လုပ်သူများ တွေ့ဆုံပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ရက်က မြို့နယ်တိုင်းရင်းဆေးပေးခန်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ သမားတော်ကြီး ဦးမောင်ဉာဏ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်မြင့်က မြို့နယ်တိုင်းရင်းဆေးဆရာအသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဆရာကြီး ပုပ္ပားဆရာကျော်က အကြံပြုဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ရန်ပုံငွေအတွက် ဆရာမြင့်(စကြာမင်းတိုင်းရင်းဆေးတိုက်) မိသားစုက ငွေကျပ် ၁၀သိန်း**(အပေါ်ပုံ)**၊ ဆရာမိုး(မုံရွာဆရာမိုးဆေးတိုက်) မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးကျော်မြင့်(စစဆေးတိုက်)က ငွေကျပ် တစ်သိန်း၊ ဦးစိုးတင့်(အလင်းရောင်ဆေးတိုက်)က ငွေကျပ် တစ်သိန်း၊ ဦးအုန်းလှိုင်(စိန်ငါးလုံးဆေးတိုက်)က ငွေကျပ်ငါးသောင်း၊ ဒေါ်တင်တင်အောင် (ဟိန်းထက်အောင်ဆေးတိုက်)က ငွေကျပ်ငါးသောင်း၊ ပုသိမ် ဆရာကြည်မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးကိုကိုကြီး(သားမင်းဆေးတိုက်)က ငွေကျပ်နှစ်သောင်း၊ ဦးကျော်လင်းနှင့် ဒေါ်မာလာမြင့်(နေလဝိဇ္ဇာဆေးတိုက်)က ငွေကျပ်နှစ်သောင်း၊ ဦးသောင်းစိန်(ပွင့်လန်းဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ ဒေါ်စန်းစန်းအေး(တန်ခိုးရှင်ဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ ဦးဇော်လင်း (ကြယ်စင်ထွန်း ဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ ပုပ္ပားဆရာကျော်မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးငွေမောင် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးတင့်လွင် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးလှစိန်(ဇီဝသိဒ္ဓိဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ ဒေါ်သန်းညွန့်စိန် မိသားစုက ငွေကျပ်တစ်သောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌက လက်ခံယူသည်။ **(၁၁၈)**

ရွှေနန်းတော်ဝင် ပိုးထည်ချည်ထည်ဆိုင်၏ ထိုင်းနိုင်ငံထုတ်နာမည်ကြီးအမှတ်တံဆိပ်များ ဖြန့်ချိရောင်းချပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

ပြည်တွင်းပြည်ပ ပိုးထည်ချည်ထည်များကို ဖြန့်ဖြူးရောင်းချလျက်ရှိသော ရွှေနန်းတော်ဝင် ပိုးထည်ချည်ထည်ဆိုင်၏ ထိုင်းနိုင်ငံထုတ် နာမည်ကြီးအမှတ်တံဆိပ်များဖြစ်သည့် Mikiko, Again, Ella Moss, Veroniတို့၏ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ် 21/SR ရှိ ရွှေနန်းတော်ဝင် ပိုးထည်ချည်ထည် အရောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်ရောင်းချပေးမည်

ယခုဖြန့်ဖြူးရောင်းချသော အခမ်းအနား၌ ထိုင်းနိုင်ငံရှိ ကုန်တိုက်ကြီးများဖြစ်သည့် Robinson, The Mall, Centralတို့အပါအဝင် နာမည်ကျော်ကုန်တိုက်ကြီးများ၌ ရောင်းချသည့် အထူးလျှော့ဈေးနှုန်းအတိုင်း ရောင်းချပေးပြီး စတင်ဖြန့်ချိခြင်း အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၂ရက်မှ ၃၀ရက်အထိ ၁၀ရာခိုင်နှုန်း လျှော့ချ၍ ရောင်းချ ပေးသွားမည့်အပြင် တစ်လအတွင်း ငွေကျပ်နှစ်သိန်းနှင့်အထက် ဝယ်ယူသူများကို ၁၀ ရာခိုင်နှုန်းလျှော့ပေးသည့် ဈေးဝယ်ခွင့်ကတ်များ လက်ဆောင်အဖြစ် ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရွှေနန်းတော်ဝင် ပိုးထည်ချည်ထည်ဆိုင်ကို နေ့စဉ်နံနက် ၁၀နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနန်းတော်ဝင် ပိုးထည်ချည်ထည်ဆိုင်၏ ထိုင်းနိုင်ငံထုတ် နာမည်ကြီး အမှတ်တံဆိပ်များ ဖြန့်ချိရောင်းချပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဘူးသီးတောင် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၏ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၃/၂၀၀၈)ဖွင့်ပွဲကို နိုဝင်ဘာ၂၀ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်မျိုးက အဖွင့်အမှာစကား ပြောကြားပြီး စာကြည့်တိုက်ဝန်ထမ်းများက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မနောသုခစပါး စံကွက်ရိတ်သိမ်း

ဂန့်ဂေါ နိုဝင်ဘာ ၂၅

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအင်းကြူ၊ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ခိုင်နှင့် ဂန့်ဂေါခရိုင်၊ မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ၁၈ရက်နံနက်က ဂန့်ဂေါမြို့နယ်ရှိ ရှုံးရိုးရွာ ကွင်းအမှတ် (၁၈၉)ရှိ တောင်သူဦးဒုထွန်း၏ လယ်မြေ မနောသုခစပါး စိုက်ခင်း၌လည်းကောင်း၊ ဇီးပြားရွာ ကွင်းအမှတ် (၁၉၃)ရှိ တောင်သူ ဦးနေဝင်း၏ လယ်မြေ မနောသုခစပါးစိုက်ခင်း၌ လည်းကောင်း စပါးအထွက်နှုန်း မှန်ကန်ရေး စံကွက် ရိတ်သိမ်းခြင်းများကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၇၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲဖွင့်

တောင်ကြီး နိုဝင်ဘာ ၂၅

(၃၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက် မွန်းလွဲ ၁နာရီက တောင်ကြီးမြို့ ကျောက်တိုင်ကွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အဖွင့်မိန့်ခွန်းပြော

အခမ်းအနားတွင် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့များနှင့် ဌာနချုပ်နှင့်ရဲသင်တန်းကျောင်းများမှ လက်ဝှေ့အသင်းပေါင်း ၂၀၊ အသင်းဝင်ပေါင်း ၁၇၃ဦးက အလံကိုင်တပ်ဖွဲ့နှင့်အတူ အသင့်နေရာယူပြီး မြန်မာနိုင်ငံ ရဲချုပ်ကိုယ်စား ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်က အဖွင့်မိန့်ခွန်း ပြောကြား ဖွင့်လှစ်ပေးသည်။

စတင်ယှဉ်ပြိုင်

ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ရက်မှစတင်၍ (က)အဆင့်၊ (ဂ)အဆင့် ပင်းဝိတ်တန်းဖြင့် စတင်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၂၈ရက်တွင် ဗိုလ်လုပွဲနှင့် တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာနိုင်ငံရဲတပ်ဖွဲ့)**

ပေါင်းမြက်များ ရှင်းလင်း

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များစုပေါင်း၍ အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းက ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံအတွင်း ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၅

အောင်ဆန်းသူရိယလှသောင်းကျောင်း အာစရိယပူဇော်ပွဲ

အထက(၂)မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)တွင် ၁၉၇၂ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများက အသက်(၆၀)ပြည့် တာဝန်ထမ်းဆောင်ခဲ့ပြီးသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများအား ဂါရဝပြုပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် အထက(၂)မင်္ဂလာဒုံ (လှသောင်းခန်းမ)၌ ကျင်းပမည်ဖြစ်သည်။

စိုက်ပျိုးရေးဘွဲ့ရများ ဆရာကန်တော့ပွဲ

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူး၍ (၁၀)ကြိမ်မြောက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၇ရက်(စနေနေ့) နံနက် ၈နာရီတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုမွှော်ရုံတွင်လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများ ပြန်လည်တွေ့ဆုံပွဲကို ညနေပိုင်းတွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

Air Bagan ဂေါက်သီးရိုက်ပြိုင်ပွဲ

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူးကျင်းပ၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးပေးမည့် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Golf Tour 2008-2009)ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ချည်မျှင်/အထည် အင်ဂျင်နီယာကျောင်းသားများ အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် ချည်မျှင်နှင့်အထည် အင်ဂျင်နီယာကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဆရာကြီးဦးမောင်မောင်သန်းအား အမှူးထား၍ လာမည့် ဒီဇင်ဘာ၂၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်အောင် အထက အာစရိယပူဇော်ပွဲ

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၀ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် မြန်အောင် အထကခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ချောက်မြို့ စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်မည်

ချောက်မြို့ စက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၉ရက်(အင်္ဂါနေ့)မွန်းလွဲ၁နာရီ၌လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ညနေ ၅နာရီတွင်လည်းကောင်း ချောက်မြို့၌ကျင်းပမည်ဖြစ်သည်။

မန္တလေးမြို့ အထက(၁၂) အာစရိယပူဇော်မည်

မန္တလေးမြို့ အထက(၁၂)ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၇ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် အထက(၁၂) နတ်ရှင်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သန်လျင် အထက(၂) မြတ်ဆရာပူဇော်ပွဲ

သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ယခင်မက်သဒစ် အထက်တန်းကျောင်း)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့)နံနက်၉နာရီတွင် အထက(၂)ရတနာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

မြောက်ဥက္ကလာ အလက(၇) အာစရိယပူဇော်မည်

မြောက်ဥက္ကလာပမြို့နယ် အလက(၇)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် အလက(၇)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပညာရေးအထောက်အကူပြု လေ့လာရေးစခန်းဖွင့်မည်

စင်ကာပူအမျိုးသားတက္ကသိုလ် NUSနှင့် နမ့်ယန်းနည်းပညာတက္ကသိုလ် NTU တို့ပူးပေါင်း၍ ၁၄ရက်ကြာ ပညာရေးအထောက်အကူပြု လေ့လာရေးစခန်းကို စီစဉ်ပြုလုပ်သွားမည်ဖြစ်သည်။ ဤလေ့လာရေးစခန်းသို့ သွားရောက်လိုသော ကျောင်းသားကျောင်းသူများ၊ လူငယ်များအနေဖြင့် ဒီဇင်ဘာ၅ရက် နောက်ဆုံးထား၍ AT&S Co.,Ltd.သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက အဆောင်၅ အခန်း၄ မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀၊ ၀၉-၅၀-၆၂၁၆၁တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

မြစ်ခြေ အထက ရွှေရတုသဘင်ကျင်းပမည်

ပခုက္ကူမြို့နယ် မြစ်ခြေအထက၏ အာစရိယပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတု သဘင်အခမ်းအနားကို ဒီဇင်ဘာ၁၃ရက်နှင့် ၁၄ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

စုစည်းရေးသားသူ- အထက်မင်းလှညွန့်အောင်

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ်
တန်ဆောင်မုန်းလပြည့်ကျော်၁၄ရက်
(အဖိတ်နေ့)
၂၆-၁၁-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အကပြိုင်ပွဲ
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၃၀ ၈။ International News
၈:၄၀ ၉။ တေးဂီတအစီအစဉ်
၈:၅၀ ၁၀။ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား**
မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဝ္ဂမ်းပုံ
(ဒါရိုက်တာ-ခင်ဇော်၊ ကုမုဒြာ)
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၂၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်
(အရှေ့တိုင်းပညာအထူးပြု)
(အရှေ့တိုင်းပညာ)
၄:၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၅။ သီချင်းကြီးပဒေသာ
၅:၀၀ ၆။ **နင်းကြည့်စမ်းပါ**
မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်
(ဒါရိုက်တာ-မင်းအုပ်စိုး)
၅:၁၀ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅:၂၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ဆိုလိုက်ကြစို့
၇:၀၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဟ့ေ
၇:၂၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ရောဝတီရဲ့ မနက်ဖြန်**
(အပိုင်း-၁)
နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦး၊ ဟိန်းစိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိန်း
(ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၉။ အစီအစဉ်ပြီး၏။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ငွေဆောင်ကမ်းခြေ အလှဓာတ်ပုံပြိုင်ပွဲ

ငွေဆောင်ကမ်းခြေ၏ ဆည်းဆာအလှ။

သတင်းမှတ်စုနှင့် ဓာတ်ပုံ-သတင်းထောက်မြင့်အောင်(အလုံ)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ငွေဆောင် နိုဝင်ဘာ ၂၅

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ငွေဆောင်ကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင် ၆၂ဦးတို့သည် နိုဝင်ဘာ ၂၁ရက် နံနက်၅နာရီက ရန်ကုန်မြို့စုရပ်မှ စုပေါင်းထွက်ခွာခဲ့ကြသည်။

ယှဉ်ပြိုင်နိုင်

ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ 'ငွေဆောင်ကမ်းခြေအလှ' ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပေးမည်ဖြစ်သည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂လက်မ×၁၈လက်မထက် မကြီးသောပုံများ လေးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပထမဆုအဖြစ် ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

ကျင်းပမည်

ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲနှင့် ပြိုင်ပွဲဝင်ပုံများ ခင်းကျင်းပြသပွဲတို့ကို ရန်ကုန်မြို့ သမ္မတဟိုတယ်၌ ကျင်းပရန် စီစဉ်ထားသည်။

ငွေဆောင်ကမ်းခြေကို လူသိပိုမိုများပြားလာစေရန်၊ ပြည်တွင်းပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ယခုကဲ့သို့ ဓာတ်ပုံပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်း အတွင်းရေးမှူး ဦးအောင်ထွန်းဝင်းက ရှင်းပြခဲ့သည်။ *(၁၆၃)*

** ကျောဖုံးမှ*

ပဲခူး-စစ်တောင်း တူးမြောင်း ဘေးဝဲယာရှိ ကျေးရွာများကား တူးမြောင်းရေကို အဓိကအသုံးပြုကာ အသက်မွေးဝမ်းကျောင်း ပြုနေကြသူများ ဖြစ်သည်။

"ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ တူးမြောင်း ဖြစ်ပါတယ်"
ဦးသိန်းဆောင်
သနပ်ပင်မြို့နယ်ဦးစီးအရာရှိ
ဆည်မြောင်းဦးစီးဌာန

အသုံးပြုမှုများလာ

"ပဲခူး-စစ်တောင်း တူးမြောင်းကို စတင်ဖောက်လုပ်ခဲ့တုန်းကတော့ သစ်ဖောင်တွေမျှောဖို့ပါပဲ။ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ အသုံးပြုတာများလာပြီးခရီးသွားလာရေး၊နွေစပါးနဲ့ သီးထပ်သီးညှပ် စိုက်ပျိုးရေး၊ သစ်ဖောင် ဝါးဖောင်တွေ မျှောရေးအပြင် မွေးမြူရေးနဲ့တစ်ပိုင်တစ်နိုင်ငါးလုပ်ငန်းတွေ လုပ်ကိုင်နိုင်တဲ့အထိ အသုံးပြုမှုများလာပါတယ်"ဟု ဦးစီးအရာရှိ ဦးသိန်းဆောင်က ဆက်လက်ရှင်းပြသည်။

ရေလွှဲပေါက်

"ဒီရေလွှဲပေါက်မှာ ရေပေါက် ၃၅ပေါက်ရှိပါတယ်။ တစ်ပေါက်ကို အကျယ် ငါးပေရှိတာမို့ ပိုလျှံတဲ့ရေကို ဒီရေလွှဲပေါက်ကနေပြီး ထုတ်ပစ်တာဖြစ်ပါတယ်။ အထူးသဖြင့် မြစ်ကျိုးမှ ဝင်လာတဲ့ ရေတွေကို ရေလွှဲထုတ်ပေးတဲ့လွှဲပေါက်တစ်ခုဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

ပုဂံညောင်ပင်ရေလွှဲပေါက်ပေါ်မှ ဖြတ်လျှောက်လှေလာရာတွင် စနစ်တကျ ခိုင်ခံ့စွာတည်ဆောက်ထားသည်ကို တွေ့ရသည်။ ထုထည်ကောင်းမွန်ပြီး ကွဲအက် ပျက်စီးနေမှုလည်း မရှိသည့်အပြင် ရေပိုရေလွှဲ ထုတ်ပေးမှုကို အောင်မြင်ထိရောက်စွာ လုပ်ဆောင်ပေးနိုင်သည့် ရေလွှဲပေါက်တစ်ခုလည်း ဖြစ်သည်ကို တွေ့ရှိရသည်။

ပဲခူး-စစ်တောင်း တူးမြောင်းကြောင့် ဒေသဘဲမွေးမြူရေးလုပ်ငန်းများကလည်း ဤသို့ အောင်မြင်ဖြစ်ထွန်းလျက်။ (မြန်မာ့အလင်း)

စက်လှေကပြန်ပေါက်ရွာရောက်လာပြီး ကမ်းကပ်လိုက်သည်။ စက်လှေပေါ်မှ ဆင်းပြီး ပြန်ပေါက်ရွာ အရှေ့ဘက်ရှိ ပုဂံညောင်ပင် ရေလွှဲပေါက်ရှိရာသို့ ထွက်ခွာခဲ့သည်။ ပုဂံညောင်ပင် ရေလွှဲပေါက်ကား ဒေသစိုက်ပျိုးရေးအတွက်နှင့် မွေးမြူရေးအတွက်ပါ အားထားရသည့် ရေလွှဲပေါက်တစ်ခုဖြစ်သည်။

ရေပေးဝေ

"ပုဂံညောင်ပင် ရေလွှဲပေါက်က ရရှိတဲ့ရေတွေကို ကဝမြို့နယ်မှာ စပါးစိုက်ဧက ၃၆၀၀ ကျော် ရေပေးနိုင်ပြီး ပဲနဲ့ အခြားကောက်ပဲသီးနှံဧကရာပေါင်းများစွာကိုလည်း ရေပေးနိုင်ပါတယ်။ ဒါ့အပြင် ကဝမြို့နယ်အတွင်းမှာရှိတဲ့ ဘဲမွေးမြူရေးခြံ ၁၀၀ ကျော်အတွက်လည်း ရေအသုံးပြုမှု ရရှိစေပါတယ်"ဟု ဦးစီးအရာရှိ ဦးသိန်းဆောင်က ရှင်းပြသည်။

ပုဂံညောင်ပင် ရေလွှဲပေါက်နှင့် ပဲခူး-စစ်တောင်း တူးမြောင်းဆုံရာ အနီး တည်ရှိသော ပြန်ပေါက်ရွာမှာ လယ်ယာကိုင်းကျွန်းအပြင် ဘဲမွေးမြူခြင်းနှင့် တစ်ပိုင်တစ်နိုင် ငါးလုပ်ငန်း လုပ်ကိုင်နေကြသူအများစု နေထိုင်ရာ ရေလမ်း၊ကုန်းလမ်းခရီးများအဆင်ပြေသဖြင့် စီးပွားရေး ဖွံ့ဖြိုးမှုရှိသော ကျေးရွာပင်ဖြစ်သည်။

ပဲခူး-စစ်တောင်းတူးမြောင်းကမ်းနံဘေးတစ်ဖက်တစ်ချက်တွင် ရေးခေတ်ဂဝံ ကျောက်တုံးများကို စနစ်တကျ အစီအရီ ခင်းကျင်းထားသည်ကို တွေ့မြင်ရသည်။ ကမ်းနားရေတိုက်စားမှုကို ကြိုတင်စီမံ ကာကွယ်ထားခြင်းဖြစ်သည်။ ပဲခူး-စစ်တောင်း တူးမြောင်း အစမှာ ပဲခူးမြို့နယ်ဘက်တွင် တောင်ဘက် ကမ်းနဖူး၌ စဥ့်အိုးဘို ကျေးရွာ ရှိပြီး မြောက်ဘက်ကမ်း၌ တာဝရွာနှင့် တာဝရေတံခါးရှိသည်။

တာဝရေတံခါး

"တာဝ ရေတံခါးကတော့ ပဲခူးမြစ်နဲ့ ပဲခူး-စစ်တောင်း တူးမြောင်းက ရေဝင်ရေထွက်ကို ထိန်းညှိပေးတာဖြစ်ပါတယ်။ တာဝရေတံခါး ပြုလုပ်ထားတဲ့အတွက် စဥ့်အိုးဘို၊ တာဝ၊ ကျိုက်ပဒိုင်ကြီး၊ ကျိုက်ပဒိုင်လေးနဲ့ ကျိုက်မဲ ကျေးရွာတွေက နွေ၊မိုး၊ဆောင်း စိုက်ပျိုးရေးအတွက် အပြည့်အဝ သုံးစွဲလို့ရပါတယ်။ ပဲခူး-စစ်တောင်း တူးမြောင်း

ပဲခူး-စစ်တောင်းတူးမြောင်းကို အသုံးပြုပြီး မျှောချခဲ့သည့် ဝါးများကလည်း ကမ်းစပ်၌ ဤသို့ အစုလိုက်အပုံလိုက်။ (မြန်မာ့အလင်း)

တစ်လျှောက်မှာ တာဝရေတံခါး၊ ပုဂံညောင်ပင် ရေလွှဲပေါက်နဲ့ မြစ်ကျိုးရေတံခါးတွေ ရှိပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

သနပ်ပင်မြို့သည် ပဲခူး-စစ်တောင်း တူးမြောင်း၏ အလယ်ဗဟိုတည့်တည့်တွင်တည်ရှိရာမြို့ဖြစ်သည်။ သနပ်ပင်မြို့မှ မြောက်ဘက်ပဲခူး-စစ်တောင်း တူးမြောင်းအပိုင်းတွင် သုံးခွ၊ မကြက်စု၊ ခရမ်း၊ ခရမ်းညောင်ပင်၊ မင်းရွာနှင့် ကျောင်းစုရွာတို့မှာ ပဲခူး-စစ်တောင်းတူးမြောင်းကမ်းနဖူးတွင် အစီအရီတည်ရှိသောကျေးရွာများဖြစ်သည်။

အထောက်အကူပြု

စက်လှေအရှိန်ကို ခပ်မှန်မှန်သာထားရှိမောင်းနှင်သဖြင့် ပတ်ဝန်းကျင် မြင်ကွင်းကို စိတ်တိုင်းကျ ကြည့်ရှုလှေလာခွင့်ရှိသည်။ တူးမြောင်းအတွင်း မျှောချလာသောသစ်ဖောင်၊ ဝါးဖောင်များ၊ ကမ်းနဖူး၌ အစီအရီထားရှိသောဝါး၊ ဓနိများကိုအစုလိုက်အပုံလိုက် တွေ့ရသည်။ တူးမြောင်းအတွင်း စက်လှေ၊ရွက်လှေနှင့် ကိုယ်တိုင် လှော်ခတ် သွားလာနေသော လှေများကိုလည်း မပြတ်တမ်းတွေ့ရှိရသဖြင့်ဒေသအကျိုးစီးပွားဖြစ်ထွန်းမှုနှင့် ခရီးသွားလာမှုကို ကြီးမားစွာ အထောက်အကူ ပေးနေသည့် တူးမြောင်းအဖြစ် တွေ့မြင်ရလေသည်။

ထို့ပြင် ပဲခူး- စစ်တောင်း တူးမြောင်း ဝဲယာ ကမ်းနဖူးကို မေးတင်ပြီးဘဲမွေးခြံများကလည်းစိတ်ကြိုက်မွေးမြူခွင့်ရနိုင်လျက်ရှိရာတူးမြောင်း၏ အကျိုးကျေးဇူးကား ကြီးမားစွာတည်ရှိနေသည်။ထောင်မင်းကျေးရွာမှ စက်လှေကို ပြန်လှည့်ခဲ့သည်။ ၃၇ မိုင် ရှည်သော တူးမြောင်းအဆုံးအထိ သွားရောက် လှေလာလိုစိတ်ရှိသော်လည်း ခရီးဆက်ရန် လုပ်ငန်းတာဝန်များ ရှိနေဆဲဖြစ်သဖြင့် ဆန္ဒကို မျိုသိပ်ခဲ့ရသည်။ အပြန်ခရီး၌ တူးမြောင်းအတွင်း စုန်ဆန်သွားလာနေကြသော ခရီးသည်စက်လှေများ၊ တံငါလှေများနှင့် ကုန်တင်စက်လှေများက လက်ဟ့ေယမ်း နှုတ်ဆက်ကြသည်ကို ပြန်လည်လက်ပြနှုတ်ဆက်ရင်း ....။ **(မြန်မာ့အလင်း)**

ပုဂံညောင်ပင် ရေလွှဲပေါက်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

■ *ရွှေဖုံးမှ*

ခေတ္တသာ တွေ့ဆုံရသော်လည်း တကယ့် ဆွေမျိုးရင်းချာပမာ ကျောက်ဖြူလေဆိပ်မှကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးဉာဏ်လင်း၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စော တို့က လေယာဉ်ခေတ္တ နားနေစဉ် အတွင်း ကျောက်ဖြူလေဆိပ် ဧည့် ခန်းမ၌ မြန်မာ့အလင်းသတင်း အဖွဲ့ကို နံနက်စာဖြင့် ဧည့်ခံသည်။ မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာ့ လေကြောင်း လေယာဉ်မယ်ထံမှ တောင်းလာသည့် ကျောက်ဖြူမြို့နယ် ဆောင်းပါးပါရှိသော မြန်မာ့အလင်း သတင်းစာကို အမှတ်တရ ပေးအပ်ခဲ့ သည်။

"ဒေသခံတွေက စပါးစိုက်မရဘူး"လို့ ပြောတဲ့ကြားက စိုက်ပျိုးရေးဝန်ထမ်းတွေနဲ့ ဒေသခံတောင်သူတွေ စံပြကွက် ဧက၂၀၀ စိုက်ပျိုးတာ အောင်မြင်ပါတယ်"

ဦးစောထွန်းဦး
ဥက္ကဋ္ဌ
ပုဏ္ဏားကျွန်းမြို့နယ်

ရွှေပြည်စံကားဂိတ်

နိုဝင်ဘာ ၂၄ရက် နံနက်တွင် စစ်တွေခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းက မြန်မာ့အလင်းသတင်း အဖွဲ့ တည်းခိုသည့်နေရာသို့ မော်တော်ကားဖြင့်လာခေါ်ပြီး ပုဏ္ဏားကျွန်းမြို့သို့သွားရန် ရွှေပြည်စံကားဂိတ်သို့ လိုက်ပို့ပေးသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လာကြိုသည့် ဌာနခွဲစာရေးကြီး ဦးကျော်သိန်းနှင့် ပုဏ္ဏားကျွန်းမြို့သို့ သွားရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကလည်း ဤသို့တစ်မျှော်တစ်ခေါ်....။(မြန်မာ့အလင်း)

မိုးစပါး

စစ်တွေမြို့မှ ထွက်လာသည်နှင့် သဘာဝ ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေသော မော်တော်ကားလမ်း အတိုင်း ၂၁မိုင်သာဝေးသည့် ပုဏ္ဏားကျွန်းမြို့သို့ တစ်နာရီခန့် စီးနင်းလိုက်ပါခဲ့ရသည်။ လမ်းဘေးဝဲယာတွင် ရခိုင်ပြည်နယ် တစ်ခုလုံး မြင်တွေ့နေရသည့် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးခင်းများ၊ ရေငန်မြစ်လက်တက်များ၊ ချောင်းများကား မြင်မဆုံးဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက ရုံးခန်းမတွင် မြန်မာ့အလင်းသတင်းအဖွဲ့ကိုတွေ့ဆုံပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မိတ်ဆက်ပေးပြီး သတင်းအဖွဲ့ သိလိုသည်များ မေးမြန်းနိုင်ရန် စီစဉ်ပေးသည်။

အောင်မြင်

"ကျွန်တော်တို့ပုဏ္ဏားကျွန်းမြို့နယ်ဟာ ရခိုင်ပြည်နယ် စစ်တွေမြို့ အရှေ့မြောက်ဘက် ၁၆မိုင် အကွာတွင် ကုလားတန်မြစ်၏ အနောက်ဘက်ကင်းချောင်းဘေး၊ပင်လယ်ရေမျက်နှာပြင်အမြင့် ကိုးပေမှာတည်ရှိပါတယ်။ ဧရိယာစတုရန်းမိုင်ပေါင်း ၄၃၆ဒသမ ၆၁ရှိပြီး ၂၈၁၃၆၂ဧကကျယ်ပါတယ်။ မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၂အုပ်စု ရှိပါတယ်။ အိမ်ထောင်စု ၂၀၆၀၀ ရှိပြီး၊ လူဦးရေ ၁၃၀၅၇၈ဦး ရှိပါတယ်။ ကျွန်တော်ဒီမြို့နယ် တာဝန်မယူမီက ရေဖြူကန်ကျေးရွာအနီးမှာရှိတဲ့ ဧက၂၀၀ရှိတဲ့ ကွင်းကြီးက စားကျက်မြေပါ။ဒေသခံတွေက စပါးစိုက်မရဘူးလို့ ပြောတဲ့ကြားက ကျွန်တော် တာဝန်ယူတဲ့အခါမှာ စိုက်ပျိုးရေးဝန်ထမ်းတွေနဲ့ ဒေသခံတောင်သူများ စည်းရုံးပြီး မြို့ဝင်စံပြကွက်ဧက၂၀၀ စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

သတင်းအဖွဲ့သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းဇော်ဦးနှင့်အတူ မော်တော်ဆိုင်ကယ်များနှင့် မြို့ဝင် မိုးစပါးစံပြဧက ၂၀၀သို့ သွားရောက်ကြည့်ရှုကြသည်။

ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြသိန်းက မြို့ဝင်ဧက၂၀၀ စံပြကွက်ကိုလယ်သမားကြီး ၅၄ ဦးက ပိုင်ဆိုင်ကြောင်း၊ ယခင်က နွားစားကျက်မြေဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် စည်းရုံးရာ မရကြောင်း၊ ယခု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အကြိမ်ကြိမ် လယ်သမားများကို ခေါ်တွေ့စည်းရုံးပြီး မိုးစပါးဧက၂၀၀ အပြည့် စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း၊ စံပြကွက်မှာ တစ်ဧက ၉၃ဒသမ ၅၂ တင်းထွက်ကြောင်း၊ အခြား ဒေသကွက်များမှာ ၁ ဧက ၇၀ ဒသမ ၂၁ တင်းသာထွက်ကြောင်း ရှင်းပြသည်။

ပညာပေးစည်းရုံး

ပုဏ္ဏားကျွန်းမြို့နယ်သည် ရှေးပဝေသဏီကပင် စပါးအထွက်ကောင်းသောမြို့ဖြစ်သည်။ မြေဆီမြေသြဇာမှာ ပင်ကိုကောင်းသဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက ပညာပေးစည်းရုံးသည်ကို အလေးမထား မိရိုးဖလာ နည်းဖြစ်သည့် နွားချေးချရုံဖြင့် အောင်မြင်၍ မိရိုးဖလာ နည်းကိုသာ သဘောကျကြသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးကိုယ်တိုင် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်း၊ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့ရန် စည်းရုံးပြောဆိုခဲ့သည်။

ပိုမိုထွက်ရှိ

ယခုအခါ ဒေသခံများ မိရိုးဖလာနည်းကို မုချစွန့်လွှတ်ရပေတော့မည်။ မိုးစပါး ဧက ၂၀၀ စံပြကွက်သည် ဇီဝစူပါ၊ အားဖြည့်ဓာတ်မြေသြဇာများ သုံးသဖြင့် တစ်ဧက အထွက်နှုန်းသည် မိရိုးဖလာထက် ၂၃ တင်းကျော်ပိုထွက်၍ လည်းကောင်း၊ လယ်လုပ်သားနှင့် စပါးရိတ်၊ ခြွေလှေ့ခြင်းထက် စက်ကိရိယာများက ကုန်ကျစရိတ်သက်သာကြောင်း လက်တွေ့မြင်ရသဖြင့် ခေတ်မီနည်းပညာများ သုံးစွဲကြမည်ဖြစ်ရာ မကြာတော့သည့်ကာလတွင် ပုဏ္ဏားကျွန်းမြို့ စပါးအထွက်နှုန်း ၂၀၀၇ခုနှစ်က ဒေသဝမ်းစာဖူလုံပြီး ၂၆၁၃၅၆၂ တင်း ပိုလျှံသဖြင့် ဆန်ဖူလုံမှုမှာ ၂၁၆ ဒသမ ၃၈ရာနှုန်းဖြစ်ရာမှ ပိုမိုထွက်ရှိလာမည်ကား မလွဲချေ။

ဆန်စပါးပိုလျှံလာသည်နှင့်အမျှ လယ်သမားကြီးများ၏မိသားစုဝင်ငွေမှာလည်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာပေတော့မည်။ ပုဏ္ဏားကျွန်းမြို့နယ်တွင်၂၀၀၇ခုနှစ်က မိုးစပါးဧက ၆၈၄၇စိုက်ပျိုးရာ တင်း၄၈၅၅၀၉၀ ထွက်ရှိခဲ့သည်။

ငရုတ်ကောင်း

ငရုတ်ကောင်းကို ဒေသထွက်ကုန်အဖြစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက ပညာပေးစိုက်ပျိုးလျက်ရှိသည်။ ယခင်က ပုဏ္ဏားကျွန်းမြို့အနီးရှိ တောင်ကုန်းပေါ်ရှိ တောအုပ်ကြီးအတွင်း သဘာဝပေါက်သည်။ ငရုတ်ကောင်းပင်များမှ အစေ့များဆွတ်ခူးကာ နှစ်ပေါင်းများစွာ အလေးမထားဘဲ ရောင်းချကြသည်။

ယခုအခါ ငရုတ်ကောင်းစေ့သည် တန်ဖိုးရှိရောင်းတမ်းဝင်လာသည့်မိသားစုဝင်ငွေရ လုပ်ငန်းဖြစ်သဖြင့် ဒေသခံများ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာကြပြီဖြစ်သည်။

မြို့နယ်အတွင်း ကျေးရွာ၃၆ရွာတွင် ငရုတ်ကောင်းဧက၂၄၀၀ စိုက်ပျိုးထားရာ တစ်ဧက၁၈၂ဒသမ၇၄ပိဿာနှုန်း ထွက်ရှိကြောင်း၊ တစ်ဧကလျှင် အပင် ၉၀၀ စိုက်ပျိုးနိုင်ကြောင်း၊ သက်ကျိုင်းတောင်၊ ရဟတ်တောင်၊ ပိုးရှိပြင်၊စန်းခါးကျေးရွာများမှာ ခြံများဖြင့် အဓိက စိုက်ပျိုးထားကြောင်း၊ မိသားစုဝင်ငွေ များစွာတိုးလာသဖြင့် အိမ်ရာကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်နေထိုင်လျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ်က တစ်မြို့နယ်လုံး ၂၃၁၃၉၇ပိဿာထွက်ရှိကြောင်း တစ်ပိဿာကျပ် ၈၀၀၀ခန့်ရှိကြောင်း သိရသည်။

အခမဲ့ပေးဝေ

လွန်ခဲ့သောနှစ် ၃၀ခန့်က ပုဏ္ဏားကျွန်းမြို့နယ်သည် နွေရာသီတွင် သောက်သုံးရေရှားပါးသဖြင့် ဦးရာဇ်တော်ဘုရားကြီး တောင်ခြေရှိ ရေကန်များမှရေကို လှေများဖြင့် သယ်ယူကာ မြို့ပြည်သူများ သောက်သုံးရပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသင်္ဘောများကလည်း ပုဏ္ဏားကျွန်းမြို့ ဒေသခံများအတွက် သောက်သုံးရေများကို ကျောက်တော်မြို့မှ သယ်ဆောင်လာကာ အခမဲ့ပေးဝေသဖြင့် ရေရှားပါးမှုကို ဖြေရှင်းခဲ့ရကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးကြီး ဒေသခံဒေါ်ခင်လှက ပြောပြသည်။

မြို့ရေပေးရေး

၁၉၉၄ ခုနှစ်က နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ပုဏ္ဏားကျွန်းမြို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်၍ ဒေသခံများက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားမှုဖြင့် ကိုယ့်အားကိုယ်ကိုး ၂၆ ဧကကျယ် လျှိုပိတ်တမံတစ်ခု တည်ဆောက်ကာ မြို့ရေပေးဝေရေး လုပ်ငန်းကို စတင်ခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ရေဖြူခံကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်ကောင်းပင်များကို ဤသို့ တွေ့ခဲ့ရသည်။
(ဝဲနှင့်အပေါ်ပုံ) (မြန်မာ့အလင်း)

မြန်မာ့အလင်းသတင်းအဖွဲ့ပုဏ္ဏားကျွန်းမြို့ ပြည်သူများ အတွက် ရေလှောင်ထားသည့် ၂၆ ဧကကျယ် ဂူဝရေလှောင်မြေသားတမံကို မြို့နယ်ဥက္ကဋ္ဌနှင့်အတူ သွားရောက်ကြည့်ရှုရာ ရေလှောင်တမံအနီးရှိ ရွာဟောင်းရပ်ကွက်မှဒေသခံများ ရေခပ်ယူနေကြသည်ကိုတွေ့ရသည်။

၁၉၉၄ ခုနှစ်မှစ၍ မြို့ပေါ်လေးရပ်ကွက်သို့ ရေပိုက်များသွယ်၍ ရေပေးဝေခဲ့ရာ ပုဏ္ဏားကျွန်းမြို့ ပြည်သူများအတွက် ရေအခက်အခဲ မရှိတော့ကြောင်း သိရသည်။

သောက်သုံးရေဖူလုံ

မြို့ပေါ်တွင် ပေ ၁၀၀ ပတ်လည်ခန့်ရှိ မြေသားတမံ ခြောက်ကန်ရှိရာ နွေရာသီခန်းခြောက်ပြီး ဂူဝရေလှောင်တမံမှာ နွေရာသီ ရေခန်းခြောက်ခြင်း မရှိပေ။ တစ်နှစ်ပျမ်းမျှမိုးရေချိန် ၂၁၃ ဒသမ ၆၂ လက်မ ရွာသွန်းကာ တစ်နှစ်ပတ်လုံး မိုးရက် ၁၁၀ထက် မနည်း ရွာသွန်းသဖြင့် ဒေသခံများအတွက် သောက်သုံးရေဖူလုံနေပေပြီ။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းက "ကျွန်တော်တို့ ရေပေးဝေရေးလုပ်ငန်းက တစ်နေ့ ရေဂါလန် ၂၀၀၀၀၀ ခန့် ဖြန့်ဖြူးပေးပါတယ်။ စည်ပင်သာယာအဖွဲ့အနေနဲ့ ရေလွှမ်းခြုံမှုဟာ ၈၈ရာခိုင်နှုန်း ဖြစ်ပါတယ်။ မြင်းကောင်ရေ၃၆ကောင်အားရေတွန်းစက်နဲ့ တိုက်ရိုက်တစ်နေ့ ၁၀ နာရီ တွန်းပို့ပါတယ်။ အများသုံးရေတိုင် ၂၀မှာအခမဲ့ပေးဝေပါတယ်၊ အိမ်ခန်းအတွက် ရေတိုင်၂၈၅ခုတပ်ဆင်ထားတဲ့အတွက် တစ်လဝင်ငွေ ကျပ်ခုနစ်သိန်း ကျော်ရရှိပါတယ်"ဟု ရှင်းပြသည်။

ပုဏ္ဏားကျွန်းမြို့နယ်သည် ဒေသဝမ်းစာဖူလုံပြီး စပါးပိုလျှံသည့်ဒေသဖြစ်သည်။ ခေတ်မီနည်းပညာများ သုံးစွဲလာပြီဖြစ်သဖြင့် စပါးအထွက်နှုန်း တိုးလာမည်ကား မလွဲပါချေ။ ယခင် နှစ်ပေါင်းများစွာက သောက်သုံးရေရှားပါးမှုကို တပ်မတော်အစိုးရလက်ထက်တွင် ဒေသခံ တိုင်းရင်းသားပြည်သူများ စုပေါင်းအားဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပြီမို့ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့သည် ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့ခဲ့ရပါကြောင်း။ ။

(မြန်မာ့အလင်း)

လယ်လုပ်သားနှင့် စပါးရိတ်၊ ခြွေလှေ့ခြင်းထက် စက်ကိရိယာများ အသုံးပြုခြင်းက လွယ်ကူ၍ စရိတ်သက်သာကြောင်း ဤသို့ လက်တွေ့ခံစားနေကြပေပြီ။ (မြန်မာ့အလင်း)

ယခင်က ပုဏ္ဏားကျွန်းမြို့အနီးရှိ တောင်ကုန်းပေါ်ရှိ တောအုပ်ကြီးအတွင်း သဘာဝပေါက်သည့် ငရုတ်ကောင်းပင်များမှ အစေ့များဆွတ်ခူးကာ နှစ်ပေါင်းများစွာ အလေးမထားဘဲ ရောင်းချကြ။

ယခုအခါ ငရုတ်ကောင်းစေ့သည် တန်ဖိုးရှိ ရောင်းတမ်းဝင်လာသည့် မိသားစုဝင်ငွေရ လုပ်ငန်းဖြစ်သဖြင့် ဒေသခံများ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာသည်ကိုတွေ့ရ။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ထာဝစဉ်ပါဝင်သယ်ပိုး

မောင်ရဲလင်း

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားသည့် မွန်မြတ်သော ပန်းတိုင်ဖြစ်သည်။

နိုင်ငံတည်ဆောက်ရေးတွင် တည်ငြိမ်အေးချမ်း မှု၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အဓိကလိုအပ်ချက်များဖြစ်သည်။ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအား စသည့် အခြေခံစွမ်းအား တောင့်တင်းမှုများဖြင့်သာ နိုင်ငံတော်သစ်ကို တည်ဆောက်ထူထောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်း ဆောင်ရွက်မှုဖြင့်သာ နိုင်ငံတော်ကြီးကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုနိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည်။ အနာဂတ်အတွက် မျိုးဆက်သစ်များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ စွမ်းပကားကို အမျိုးသားရေးအကျိုးစီးပွားအတွက် အမျိုးသားရေးအင်အားစုကြီးအဖြစ်တည်ဆောက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

အသင်းကြီးကို မွန်မြတ်မှန်ကန်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေပြုထားသည့် ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါးနှင့် တာဝန်ဝတ္တရား (၁၄)ချက်တို့ဖြင့် ပြဋ္ဌာန်းထူထောင်ထားခြင်းဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇) ကျင်းပချိန်အထိ ပြည်နယ်၊ တိုင်း အဆင့်ဆင့် အသင်းပေါင်း ၁၇ သင်း၊ ခရိုင်အဆင့် အသင်းပေါင်း ၆၆ သင်း၊ မြို့နယ်အဆင့် အသင်းပေါင်း ၃၂၀၊ ရပ်ကွက်၊ ကျေးရွာအဆင့် အသင်းပေါင်း ၁၅၄၂၁ ဖွဲ့စည်းနိုင်ခဲ့ပြီး အသင်းဝင်အဖြစ် အသိအမှတ်ပြုပြီးသူ ၂၄ သန်းကျော်အထိ တိုးတက်လာလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့သည့် ၁၅နှစ်တာ ကာလအတွင်း အသင်းဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ယှဉ်၍ စည်းရုံးရေးအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများ ရရှိခဲ့ကြပြီဖြစ်သည်။ အသင်းဝင်များသည် နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် နေထိုင်ကြသူများဖြစ်ရာ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် အကျိုးပြုနေကြပြီဖြစ်သည်။ အကျိုးရှိသည့် လက်တွေ့အကောင်အထည်ဖော်မှုများကြောင့် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေကြပြီ ဖြစ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အသင်းဝင်များ လိုက်နာထမ်းဆောင်ရမည့် လုပ်ငန်းလမ်းညွှန်များနှင့် စပ်လျဉ်း၍ **"နိုင်ငံတော်နှင့်ပြည်သူများရရှိခံစားနေကြရတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေကို လျော့ပါးဆုံးရှုံးမှုမရှိအောင် ကာကွယ်ထိန်းသိမ်းပြီး ပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ တွေ့ကြုံရမည့် ဘယ်လိုအခက်အခဲ၊ အကျပ်အတည်းများကိုမဆို စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲတဲ့သတ္တိ စိတ်နဲ့ အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်ရေးကြိုးပမ်းသွားကြပါ။ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနဲ့ အတူဝိုင်းဝန်းလက်တွဲပြီးကြိုးပမ်းဆောင်ရွက်သွားကြပါ"** ဟူ၍ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)တွင် ဩဝါဒစကား မြွက်ကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အသင်းကြီးက ချမှတ်ထားသော ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ စုစည်းညီညွတ်စွာ ပါဝင်ဆောင်ရွက်ရန် မိမိတို့၏ ဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်သည်။ ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ် ညီညွတ်မှုတို့ကို အခြေခံပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်သယ်ပိုးထမ်းရွက်နေကြပြီဖြစ်သည်။

အသင်းဝင်များသည် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများနှင့်အတူ ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဖော်ဆောင်နေကြသည်။

ရပ်ရေး၊ ရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်ရာ လူမှုရေးဆိုင်ရာ အခြေခံ လိုအပ်ချက်များတွင်လည်း အသင်းဝင်များက ပါဝင်သယ်ပိုးကူညီနေကြသည်။

သာဓကအဖြစ် မကြာသေးမီက မြန်မာနိုင်ငံအတွင်း မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် လူနေအိမ်ခြေ၊ စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ပျက်စီးသွားခဲ့သည့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အသုတ်လိုက်သွားရောက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းခွင်များတွင် ပါဝင်ကူညီခဲ့ကြသည်။လေဘေးသင့်ဒေသများသည် ပင်လယ်ကမ်းခြေဒေသများဖြစ်၍ သွားရေး၊ လာရေး အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း အသင်းဝင်များက ဒေသခံအဖွဲ့အစည်းများ၊ပြည်သူများနှင့်အတူလက်တွဲ၍ နေအိမ်အမိုးအကာများ ပြုပြင်တည်ဆောက်ခြင်း၊ သောက်သုံးရေကန်များ ဆယ်ယူခြင်း၊ လဲပြိုနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းများ ပြုပြင်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကျေးရွာကျောင်းများ စာသင်ခုံများပြုပြင်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း စသည့် မြို့ရွာပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် နှစ်ရာကျော်တို့သည် အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လှိုင်းဘုန်းကျေးရွာ၊ ပြင်စလူမြို့ ဆင်ခြေရာကျေးရွာ၊ စလူဆိပ်ကျေးရွာ၊ ဘိုကလေးမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့၌ အခြေပြုပြီး လေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည့် ကြိုးပမ်းမှုမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်နှင့် အသင်းဝင်များသည် နယ်ပယ်ကဏ္ဍအလွှာအသီးသီးတွင် ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဖော်ဆောင်လျက်ရှိကြသည်။ ဒေသခံပြည်သူများ၏ ခင်မင်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်မှုများပိုမိုရရှိလာသည်။

နိုင်ငံအတွင်း လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။ လူတိုင်းအတွက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးတက်ရရှိစေရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဆရာ၊ ဆရာမများကို တိုးချဲ့တည်ဆောက် မွေးထုတ်ပေးလျက်ရှိသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအပါအဝင် စေတနာရှင် ပြည်သူများ၊ အလှူရှင်များကလည်း လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ပါဝင်ကူညီပံ့ပိုး အားပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ စေတနာ့ညကျောင်းများ ဖွင့်လှစ်ပြီး စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများသို့ ငွေနှင့် ပစ္စည်းများ ထောက်ပံ့ရေး၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ရေး လုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကူညီနေကြသည်။

အလားတူ မိမိတို့ဒေသအတွင်းရှိ အခြေခံပညာကျောင်းများသို့ စာရေးခုံ၊ စာသင်ခုံနှင့် ထိုင်ခုံအတွဲများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံစရိတ်များ လှူဒါန်းခြင်း၊ ပညာသင် ထောက်ပံ့ခြင်းနှင့်အားကစားပစ္စည်းများလှူဒါန်းခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြသည်။

အသင်းဝင်များ အနေဖြင့် ကျေးလက်ဒေသ စာကြည့်တိုက်၊ ကျေးလက်ဆေးပေးခန်း၊ ကျေးလက်လမ်းနှင့်ချောင်းကူးတံတားများထူထောင်တည်ဆောက်ရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့်အပြင် စုပေါင်းသွေးလှူဒါန်းခြင်း၊ ဒေသအချို့၌ မိုးသည်းထန်မှုကြောင့် ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းတို့ကိုလည်း စေတနာရှင်ပြည်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည်များကို တွေ့မြင်၊ ကြားသိနေရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် ဖွဲ့စည်းထားသော အမျိုးသားရေး အဖွဲ့အစည်းဖြစ်သည်။ အသင်းဝင် မျိုးဆက်သစ်လူငယ်ထုတစ်ရပ်လုံးက နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများ၊ အမျိုးသား နိုင်ငံရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင် ဆောင်ရွက်နေကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံးသည် ဤအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်း၊ အလေ့အကျင့်ကောင်းများနှင့်အညီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်သွားကြမည်သာဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး၊ စေတနာညကျောင်းများ ဖွင့်လှစ်ပြီး စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများသို့ ငွေနှင့် ပစ္စည်းများ ထောက်ပံ့ရေး၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ကူညီနေကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် ဖွဲ့စည်းထားသော အမျိုးသားရေး အဖွဲ့အစည်းဖြစ်။

အသင်းဝင် မျိုးဆက်သစ် လူငယ်ထုတစ်ရပ်လုံးက နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသား နိုင်ငံရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေကြ။

အနာဂတ်အောင်ပွဲဆီသို့

* တစ်ဆယ့်ငါးနှစ်ကျော်---
ချင်းနင်းဝင်ရောက်၊ ဒို့လျှောက်သောလမ်း၊
ပန်းတိုင်ခရီး၊ ရောက်လုနီးပြီ၊
စည်းရုံးလှုပ်ရှား၊ ဒို့အင်အားတွေ၊
ခိုင်မာနေခဲ့၊ ဒို့မြေဒို့ပိုင်၊
ဒို့နိုင်ငံတွက်၊ ယုံကြည်ချက်ကို၊
သက်ထက်မြတ်နိုး၊ အမျိုးသားရေး၊
ဒို့အရေးပင်၊ သွေးချင်းသားချင်း၊
တိုင်းရင်းသားတို့၊ ညီညွတ်လို့နေ၊
ရွှေနိုင်ငံသစ်၊ ထုဆစ်သွန်းလောင်း၊
တစ်ခေတ်ပြောင်းမည်၊ စုပေါင်းအင်အား၊
ဒို့အင်အား။

* သမိုင်းကြောင်းမှ၊ ရှင်သန်ရသော၊
ဘဝစစ်မှန်၊ ဒို့အလံသည်၊
မိုးယံမှာလွင့်၊ တဝင့်ဝင့်ပင်၊
မြင့်မားလွင့်ထူ၊ ပြည်သူနှင့်အတူ
အောင်ပွဲယူမည်၊ ဦးတည်ပန်းတိုင်၊
နိုင်ငံတည်ဆောက်၊ စောင့်ရှောက်ကြမည်၊
ရွှေပြည်တော်သစ်၊ တစ်ခေတ်ပြောင်းရန်၊
အဓိဋ္ဌာန်သည်၊ မြဲမြံစွဲစွဲ၊
ခိုင်မာဆဲ။ ။

မောင်နွယ်စိုး

နိုဝင်ဘာ ၂၄ရက်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများအား အမှာစကားပြောကြားစဉ်။ (သတင်း-၆) (သတင်းစဉ်)

အမျိုးသားနေ့အခမ်းအနား ပခုက္ကူ၌ကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၂၅

(၈၈)နှစ်မြောက်အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ၂၂ရက် နံနက်၉နာရီက ပခုက္ကူမြို့ အထက(၂)ကျောင်း ပိတောက်ဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် အထက်၊ အလယ်ဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ဝ၇ဝ)

❒ *ကျောဖုံးမှ*

ထို့အပြင် အုန်းရည်တွင် ပရိုတိန်း၊ သံဓာတ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စပရပ်စ်နှင့် ဇင့်တို့လည်း ပါဝင်လျက်ရှိရာ ကျန်းမာရေးအတွက် လွန်စွာအထောက်အကူပြုသော အရည်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ပုံမှန်သောက်သုံးပေးသင့်

အုန်းရည်ကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်ခန့် ပုံမှန်သောက်သုံး ပေးသွားပါက အဝလွန်မှုကို လျှော့ချပေးနိုင်သည့်အပြင် အရိုးနှင့်သွားများကို ခိုင်မာစေကာ အစာအိမ် ရောဂါများကိုလည်း သက်သာပျောက်ကင်းစေကြောင်း၊ ထို့ကြောင့် အုန်းရည်ကို ပုံမှန် သောက်သုံးပေးသင့်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

နဝမအကြိမ်
မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၂-၃)ရက်နေ့
နေပြည်တော်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် | သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

ရန်ကုန် နိုဝင်ဘာ ၂၅

နိုဝင်ဘာ၂၅ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကိုဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၌ နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၈ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

နိုဝင်ဘာ ၂၅ရက်က ရွာသွန်းခဲ့သောမိုးရေချိန်များမှာ ကော့သောင်းတွင် ဝဒသမ ၅၉လက်မဖြစ်သည်။

နိုဝင်ဘာ၂၆ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၆ဝ ဖြစ်သည်။

နိုဝင်ဘာ ၂၆ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်ဖြစ်သည်။

ပိုမိုအားကောင်း

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပြီး မြန်မာစံတော်ချိန် နံနက်၉နာရီခွဲတိုင်းထွာချက်အရ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီးမှ ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းသည်။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ရန်ကုန်စက်မှုတက္ကသိုလ်
၁၉၇၄-၁၉၈၀ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၄-၁၉၈၀ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက်(စနေနေ့)တွင် ရန်ကုန်မြို့ရှိ M-3 စားသောက်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

၁၉၇၄ခုနှစ်တွင် ဝင်ရောက်၍ ၁၉၈၀ပြည့်နှစ်တွင် ဘွဲ့ရသော မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူများအားလုံး မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အာကာသသိပ္ပံ

လကမ္ဘာလေ့လာရေးယာဉ် ဗြိတိန် လွှတ်တင်မည်

လန်ဒန် နိုဝင်ဘာ ၂၅

လာမည့် ၂၀၁၄ခုနှစ်တွင် လလေ့လာရေးယာဉ်တစ်စင်းစေလွှတ်ရန် ဗြိတိန်နိုင်ငံက စီစဉ်နေပြီဖြစ်သည်။



ပြင်ဆင်

အဆိုပါ လလေ့လာရေးယာဉ် တည်ဆောက်ရန်အတွက် ဗြိတိန်နိုင်ငံအနေဖြင့် နာဆာက တက်တက်ကြွကြွ ထောက်ခံအားပေးမှုကိုလည်း ရရှိပြီးဖြစ်ရာ လကမ္ဘာလေ့လာရေးယာဉ်တည်ဆောက်ရေးနှင့် ပတ်သက်၍ နောက်ဆုံးအဆင့် ပြင်ဆင်မှုများ ပြုလုပ်နေ ပြီဖြစ်သည်။

၂၀၁၄ခုနှစ်တွင် လွှတ်တင်မည့် လကမ္ဘာလေ့လာရေးယာဉ်သည် လမျက်နှာပြင်ကို အသေးစိတ်လေ့လာသွားမည်ဖြစ်ပြီး လပေါ်ရှိ ရာသီဥတုနှင့် အခြားအချက်အလက်များကို သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းကွန်ရက်

ထို့အပြင် လနှင့်ပတ်သက်၍ သတင်းဆက်သွယ်ရေးကွန်ရက်တစ်ခုကိုလည်း ထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒို့ကျေးရွာဂျာနယ် စာမျက်နှာတိုး၍ ထုတ်ဝေသွားမည်



ရန်ကုန် နိုဝင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်သည် ပြည်သူများအား အသိပညာ ဗဟုသုတရရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး ကဏ္ဍများနှင့် သုတ၊ ရသဖြစ်ဖွယ် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ဗေဒင်စသည့်ကဏ္ဍများဖြင့် နှစ်ပတ် တစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။ ယခုအခါ စာဖတ်သူပြည်သူများအတွက် နိုင်ငံတကာသတင်းများ၊ အားကစားသတင်းများ၊ စာပေ၊ ရုပ်ရှင်နှင့်ဂီတ အနုပညာဆိုင်ရာ သတင်းများ၊ အလုပ်အကိုင်နှင့် သင်တန်းများဆိုင်ရာသတင်းများ၊ မှုခင်းသတင်းများဖြင့် ပိုမိုပြည့်စုံအောင် စာမျက်နှာ လေးမျက်နှာထပ်တိုး၍ ယခင် ၁၆မျက်နှာမှ ယခု မျက်နှာ၂၀ဖြင့် စုံလင်စွာ ထုတ်ဝေသွားမည်။ စာမျက်နှာတိုးသော်လည်း ဈေးနှုန်းပြောင်းလဲမှုမရှိ ယခင်ဈေးနှုန်းအတိုင်း ဖြန့်ဝေရောင်းချသွားမည်ဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ယခင်ဈေးနှုန်းအတိုင်း တစ်စောင်လျှင် ကျပ် ၂၀၀ဖြင့် ဆက်သွယ်ဝယ်ယူနိုင်သည်။ လပေးဝယ်ယူဖတ်ရှုလိုသူများသည် ဒို့ကျေးရွာဂျာနယ် စာတည်းအဖွဲ့ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၇၃၃၄၀၊ ၃၇၃၃၄၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အနီးမှ မုန်တိုင်းငယ် ဖြတ်ကျော်

နေပြည်တော် နိုဝင်ဘာ ၂၅

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီးမှ ဖြတ်ကျော်လျက်ရှိကြောင်း၊ အဆိုပါ မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



ချင်းပြည်နယ် ဖလမ်းခရိုင် ဟားခါးမြို့နယ်တွင် ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံ(ဟားခါး) ပင်မလူနာဆောင်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ချင်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးမည့် ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံ(ဟားခါး)

သတင်းမှတ်စု - မျိုးမင်းသိန်း(မရမ်းကုန်း) ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ) စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

ရန်ကုန် နိုဝင်ဘာ ၂၅

ချင်းပြည်နယ် ဟားခါးမြို့သို့ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြည်နယ်ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေး အခန်းကဏ္ဍ စောင့်ရှောက်မှုလုပ်ငန်းများလေ့လာရန် ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ထားရှိသော ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံ(ဟားခါး)သို့ သွားရောက်ခဲ့ကြသည်။

အထူးဘာသာရပ်ကိုးခု

ဆေးရုံအုပ်ကြီးဒေါက်တာဦးမင်းခိုင်နှင့်တွေ့ဆုံရာတွင် ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ခြင်းဆေးပညာ၊ သားဖွားမီးယပ်၊ ကလေး၊ မေ့ဆေး၊ အရိုး၊ အကြော၊ သွားရောဂါနှင့် ဓာတ်မှန်ရောဂါရှာဖွေခြင်းအထူးပြုဘာသာရပ်ကိုးခု စမ်းသပ် ကုသပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆောက်လက်စ

ဟားခါးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(မြို့ပြ) မြို့နယ်အင်ဂျင်နီယာ ဦးကိုခန့်မာန်က သုံးထပ်သံကူကွန်ကရစ်အဆောက်အအုံ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းကို ၂၈-၉-၂၀၀၄ရက်က စတင်၍ အလျားပေ ၂၈၀× အနံပေ ၆၀၊ အမြင့် ၃၄ ပေရှိသော ပင်မလူနာဆောင်ကိုလည်းကောင်း၊ အလျားပေ ၁၀၀× အနံ ၅၆ပေ၊ အမြင့် ၃၄ပေရှိ ခွဲစိတ်ဆောင်ကို လည်းကောင်း၊ ၁၇၆၀၀ဒသမ ၀ဧရိယာစတုရန်းပေရှိသော အုတ်ခုံကိုလည်းကောင်း၊ ခန့်မှန်းတန်ဖိုး ၄၆၈၈ ဒသမ ၁၆သိန်းအတွက် ရရှိရန်ပုံငွေ ၂၇၅၀ ဒသမ ၀၀သိန်းဖြင့် လည်းကောင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း ရှင်းပြသည်။

ဆေးကုသမှုခံယူ

ဟားခါးပြည်သူ့ဆေးရုံ ပင်မလူနာဆောင်အတွက် ပစ္စည်းလိုအပ်ချက်၊ ပင်မလူနာဆောင် ဆောက်လုပ်ပြီးပါက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ စိတ်ပညာမှုခင်း၊ အဏုဇီဝ၊ အကြောအဆစ်၊ ဦးနှောက်အာရုံကြောဆေးကု၊ ဦးနှောက်အာရုံကြော ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်သွားမည်ဟု သတင်းစကား ကြားသိခဲ့ရာ ချင်းပြည်နယ် တိုင်းရင်းသားညီအစ်ကိုမောင်နှမသားချင်းများအဖို့ လက်လှမ်းတမီ ဆေးကုသမှု ခံယူနိုင်ကြတော့မည်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြိုင်ပွဲ ဆုရရှိသူများအမည်စာရင်း

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေး အသိပညာပေးပြိုင်ပွဲ ဆုရရှိသူများ စာရင်းကို သက်ဆိုင်ရာမှ ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုရှည်ပြိုင်ပွဲတွင် ဗိုလ်မှူးသန့်ဇင်(ငြိမ်း) [တက္ကသိုလ်မောင်သန့်ဇင်]က ပထမ၊ ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါ်ယဉ်မျိုးခိုင်(ရွှေဝန်းရုံ)က ပထမ၊ ဦးအေးကို(မောင်အေးကို-ပေါင်းတလည်)က ဒုတိယ၊ ဦးဝင်းသိန်း (ကျောင်းဆရာကိုကိုဝင်း)က တတိယနှင့် ဦးမောင်မောင်(စိုး-မူဆယ်)၊ ဒေါ်ဖြူမီမီဝင်း (ပင်မြင့်စံ-ရွှေဘို)၊ ဒေါ်နန်းသီဂီဝင်း(ကီးကီး-ရွှေမြိုင်)၊ ဒေါ်ခိုင်ငြိမ်းရှင်(ထားဉသည့်)၊ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)၊ ဦးစိုးဦး (ဖန်ခါးမောင်မောင်-စား/ ထွေ)၊ဒေါ်ယဉ်သူသင်း(ယဉ်နွေထား-ဉပဒေ)၊ ဦးညွန့်ရင်(နွေးထက်လှိုင်)၊ ဒေါ်သဲမို့မို့စိုး(ဒီဇင်ဘာ)၊ ဦးဝင်းမင်းထွန်း(လင်းနေရည်-ကလော)တို့က အထူးဆုများရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ဦးဝင်းမြင့် (ရဲရင့်သူရိန်-နေပြည်တော်)က ပထမ၊ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး) က ဒုတိယ၊ ဦးဇော်လင်းသန်း(ရဲရဲ- ပျဉ်းမနား)က တတိယနှင့် ဦးထိန်လင်း(အရဏ်ဦး-ပဲခူး)၊ ဦးလှစိန် (ဆူးခါးဘုန်းမြင့်)၊ ဦးအောင်မြင့် (အောင်-ပျဉ်းမနား)၊ ဒေါ်ဘရဏီဖြူစင်ထွန်း(ဘရဏီ)၊ ဒေါ်နန်းစောညွန့်(စောယင်ယင်-မိုးညှင်း)၊ ဦးလင်းသိုက်ညွန့်(လင်းသိုက်ညွန့်-မြန်မာ့မြေ)၊ ဦးတင်ထွန်းအုန်း(မန်းငြိမ့်ဖလေ့)၊ ဦးစိန်မောင်(ငါန်းဇွန်မောင်မောင်တင်)၊ ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)၊ ဒေါ်ယဉ်သူသင်း (ယဉ်နွေထား-ဉပဒေ) တို့က အထူးဆုများ ရရှိကြသည်။

ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် ဦးအောင်တင်(စိန်ရည်လျှံ)က ပထမ၊ ဦးမောင်သန်း(မောင်သက်နှင်း၊ မ/ဉ)က ဒုတိယ၊ ဦးမျိုးငွေး(ဝင်းနွယ်၊သစ်တော)က တတိယနှင့် ဦးခင်မောင်ထွေး(မောင်သပြေ)၊ တပ်ကြပ်ကြီး ခင်မောင်ဦး(ကျော်စွာသူ၊ သာယာဝတီ)၊ ဒေါ်နွယ်နီဝင်း(နွယ်နီဝင်း)၊ ဒေါ်နန်းစောညွန့်(စောယင်ယင်၊ မိုးညှင်း)၊ မနှင်းနှင်းရည်(နှင်းဝတ်ရည်၊ မြင်းခြံ)၊ ဦးမျိုးခိုင်(မျိုးခိုင်၊ မူဆယ်)၊ ဦးမြင့်ငွေ(ချမ်းမြဆောင်း၊ ကလော)တို့က အထူးဆုများ ရရှိကြသည်။

ကာတွန်းပြိုင်ပွဲ

ကာတွန်းပြိုင်ပွဲတွင် ဦးဇော်မင်း (ကာတွန်းမင်းဇော်ဦး)က ပထမ၊ ဦးတင်နီဝင်း(ကိုနီ၊ရန်ကင်း)က ဒုတိယ၊ ဦးမျိုးမင်းဇော်(မျိုးကိုကိုထက်၊ ပျဉ်းမနား)က တတိယနှင့် ဒေါ်နီလာမြင့် (ကာတွန်းနီလာမြင့်)၊ ဦးအောင်ကျော်(အောင်ကျော်)၊ ဦးဗညားကျော်ကျော်(ကိုကျော်ဆဲဗန်း၊ ပျဉ်းမနား)၊ ဦးခင်မောင်မြင့်(ကျော်လူ)၊ ဦးခင်မောင်ဦး(ရွှေကိုဦး)၊ ဦးဟန်ထွေးနိုင် (ဟန်ထွေးနိုင်၊မန္တလေး)၊ ဦးသော်သော် (သော်သော်၊MDY)၊ ဦးထွန်းထွန်းဝင်း (ခွန်ထီးယံ၊ သမိုင်း)၊ ဦးအေးမော်(ဇီးကုန်းအေးမော်)၊ ဦးဇော်မင်း(ရွှေလက်ရာ၊ ဘားအံ)တို့က အထူးဆုများရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဒီဇင်ဘာ ၂၆ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများသည် ဒီဇင်ဘာ ၂၄ရက်တွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ သတင်းပို့ရန်နှင့် နေပြည်တော်မှ အထူးဆုရရှိသူများသည် ဒီဇင်ဘာ ၂၆ရက်တွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဖုန်း-၀၃၂-၃၀၀၄၂နှင့် ၀၆၇-၄၁၂၄၅၁တို့သို့ လူကိုယ်တိုင်လာရောက်၍ ဆုချီးမြှင့်ငွေ ထုတ်ယူရမည်ဖြစ်ပြီး နယ်မှ ဆုရရှိသူများသည် မိမိတို့၏ မြို့နယ်စာတိုက်များမှတစ်ဆင့် ဆုများထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုဝင်ဘာ၂၅ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ အာရှအမျိုးသမီးနှင့် အားကစားဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအဖွဲ့ဝင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဉမ္မာအောင်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ငွေပဒေသာပင်၊ မီဒီယာပစ္စည်းနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မိမိလှူဒါန်းလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀၊ ၀၁-၃၇၁၃၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

(သတင်းစဉ်)

ထုပ်ပိုးမှုပုံစံသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ဟန်မြန်မာကုမ္ပဏီလီမိတက်နှင့် Falcon Super Lubricants တို့ကြီးမှူးကျင်းပသည့် 2008 Promotion အောင်ပွဲနှင့် Switch Packaging ထုပ်ပိုးမှုပုံစံသစ် မိတ်ဆက်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၂ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် Park Royal ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

နှုတ်ခွန်းဆက်

အခမ်းအနားသို့ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဟန်မြန်မာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ရောင်းအားအကောင်းဆုံးဆုရ အရောင်းကိုယ်စားလှယ်ကြီးများအား ကုမ္ပဏီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်ပြီး အရောင်းကိုယ်စားလှယ်ကြီးများအား ရောင်းအားအလိုက်ရရှိမည့် ဗလာမပါ ကံစမ်းမဲများကို ဖွင့်ဖောက်ပေးပြီး ဟန်မြန်မာကုမ္ပဏီလီမိတက် မန်နေဂျာ ဦးစန်းငွေးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျော့ဖုံးမှ

ယင်းနောက် မြေထိုးမြေတူးယန္တရား ထုတ်လုပ်မှုစက်ရုံဝန်ထမ်းများအတွက် ၂၉ လက်မ ရုပ်မြင်သံကြားစက် သုံးလုံးနှင့် ဘက်စုံသုံးဒီဇင်အင်ဂျင်ထုတ်လုပ်မှုစက်ရုံရှိ ဝန်ထမ်းများအတွက် ၂၉လက်မ ရုပ်မြင်သံကြားစက်သုံးလုံးတို့ကို အသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစကြိုအထက(၁)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ရေစကြိုမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး ၇၇ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများက ဧကဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေစကြိုမြို့ အထက(၁) မြတမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အပူဇော်ခံ ဆရာကြီးဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေပစ္စည်းများကို ဦးသိန်းကြည် ဖုန်း-၀၆၂-၃၀၀၁၈၊ ဦးတင်သောင်း ဖုန်း ၀၆၂-၃၀၀၃၂၊ အထက(၁) ဖုန်း-၀၆၂-၃၀၂၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

■ ကျော့ဖုံးမှ

သီဟရာဇာ(ရခိုင်)နှင့် လူမော် (ကရင်)တို့ပွဲတွင် သီဟရာဇာ(ရခိုင်)က အနိုင်ရရှိသည်။ မင်းနိုင်(မန္တလေး)နှင့် ဝမ်ချုံး(ဧရာဝတီ)ပွဲတွင် ဝမ်ချုံး(ဧရာဝတီ)က အနိုင်ရရှိသည်။

၅၇ကီလို လူသစ်တန်း

၅၇ကီလို လူသစ်တန်း(ကွာတား) ပွဲစဉ်တွင် ချမ်းသာ(ကချင်)နှင့် ရှင်ရဲထွဋ်(ဧရာဝတီ)ပွဲတွင် ရှင်ရဲထွဋ်(ဧရာဝတီ)က အနိုင်ရရှိသည်။ လင်းယုံလေး(မန္တလေး)နှင့် ဟိန်းအောင်အောင်(ပဲခူး)ပွဲတွင် လင်းယုံလေး(မန္တလေး)က အနိုင်ရရှိသည်။ ဇေယျာမိုး(စစ်ကိုင်း)နှင့် စောဇွဲသီး(ရန်ကုန်)ပွဲတွင် စောဇွဲသီး(ရန်ကုန်)က အနိုင်ရရှိသည်။ သန်းဇော်ထွေး(တနင်္သာရီ)နှင့် ရိုးရိုးလေး(မွန်)ပွဲတွင် ရိုးရိုးလေး(မွန်)က အလဲထိုး အနိုင်ရရှိသည်။

၅၁ကီလို

၅၁ကီလို (ဂ)အဆင့် (ဆီမီး)ပွဲတွင် မွန်လေး(ပဲခူး)က အုပ်စိုး(ကရင်)ကို အနိုင်ရရှိသည်။ လှစ်လှစ်လေး(ရန်ကုန်)က ပြည့်ဖြိုးအောင်(တနင်္သာရီ)ကို ဒိုင်ငါးဦးအနက် သုံးဦးက အနိုင်ပေးလိုက်သည်။

၆၇ကီလို

၆၇ကီလို (ဂ)အဆင့် (ဆီမီး)ပွဲစဉ်တွင် အောင်မင်းခေါင်(ပဲခူး)က ရန်နိုင်အောင်(ဧရာဝတီ)ကို ပထမအချီတွင် အနိုင်ရရှိသည်။ ရာဇာဝင်း(ရန်ကုန်)က ဇာဝါဒီ (ကရင်)ကို ပထမအချီတွင် အလဲထိုး၍ အနိုင်ရရှိသည်။

(မြန်မာ့အလင်း)

အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား ရွှေကူမြို့တွင်ကျင်းပ

ရွှေကူ နိုဝင်ဘာ ၂၅

(၈၈)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ယနေ့နံနက်၈နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်း၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ အထက(၁)ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ရွှေကူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

မီး
အစဉ်သတိပြု

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ကျွန့်တိတ်အသင်း ဆဋ္ဌမအကြိမ်မြောက် သက်ကြီး အသက် ၇၀ကျော် ကျား၊ မ သက်ကြီးပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကို နိုဝင်ဘာ ၁၂ရက်က သုံးခွမြို့ အောင်ဇေယျလမ်း ၁၂ရပ်ကွက် တရုတ်အမျိုးသား အသင်းတိုက်ခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသားတစ်ဦးအား ကျွန့်တိတ်အသင်းကိုယ်စား ကန်တော့ခံ သက်ကြီး ဦးဆိုက်ကျင်(မြို့မ) (အသက် ၉၀)က ဆုချီးမြှင့်စဉ်။ (၁၂၄)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှုနိုင်မြင့်မားရေး ဆောင်ရွက်

ဘုတ်ပြင်း နိုဝင်ဘာ ၁၈

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှုနိုင်မြင့်မားရေး အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီက အလယ်မန်ကျေးရွာ နေခြည်သစ် စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်ဇင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးသင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးနိုင်လင်းကစာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှုနိုင်မြင့်မားရေးအတွက် ကွင်းဆင်းဟောပြောဆောင်ရွက်သည်။ (မြို့နယ် ပြန်/ဆက်)

သံတောင်ကြီးမြို့နယ် အမှတ်(၅) ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

စဥ့်ကူး၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်သင်တန်းဖွင့်

စဥ့်ကူး နိုဝင်ဘာ ၂၄

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းပို့ချ

ထို့နောက် သင်တန်းမှူး မြို့နယ်ဒုတိယဦးစီးမှူး ဦးလှထွန်းက သင်တန်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာသင်တန်းနည်းပြ ဆရာများက ဘာသာရပ်အလိုက် သင်တန်းကိုဆက်လက်ပို့ချသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ဒေးဒရဲမြို့ အမကကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဖျာပုံ နိုဝင်ဘာ ၁၈

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းက ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ထွေးက အမှာစကားပြောကြားပြီး ဆောက်လုပ်ပြီးစီးသည့် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အလှူရှင်မိသားစုမှ လွှဲပြောင်း ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအေးကိုက လက်ခံယူသည်။ (ယာပုံ)

ဆောက်လုပ်လှူဒါန်း

အဆိုပါ အလှူရှင် ဦးမြခင်-ဒေါ်လှလှလင်း မိသားစု(သဃ်န်းကျွန်း) ရန်ကုန်မြို့က ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်မှာ အလျား ပေ ၃၀၊ အနံပေ ၆၀၊ အမြင့် ၁၃ ပေရှိ သွပ်မိုး၊ အုတ်ကာနှင့် ကွန်ကရစ်ခင်းဖြစ်ပြီး ကျပ်သိန်း ၁၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကျောက်မဲမြို့ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

ကျောက်မဲ နိုဝင်ဘာ ၂၀

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ရက်က ပင်လုံလမ်းမကြီးဘေးဝဲယာနှင့် မြေခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ ပုံဖော်ခြင်း၊ အရိပ်ရပင်များ သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ခြင်း လုပ်ငန်းများအားအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိဦးဝင်းကိုကို ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျေးလက်ရေရရှိရေး

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဘုတလက်တန်းကျေးရွာ၌ တူးဖော်ဆောင်ရွက်ပေးခဲ့သော နှစ်လက်မစက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် ကျေးရွာပြည်သူများ ရေသုံးစွဲမှု အခြေအနေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အောက်တိုဘာ၂၈ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်မိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၀၇၄)

ငွေစပါးနှင့် ဆောင်းသီးနှံ စီမံကိန်းတာဝန်ပေးအပ်

ခင်ဦး နိုဝင်ဘာ ၁၅

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ၂၀၀၈-၂၀၀၉ခုနှစ် ငွေစပါးနှင့်ဆောင်းသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲကို နိုဝင်ဘာ ၈ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးတင်မြင့်က စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မြက သီးထပ်သီးညှပ်စိုက်ပျိုးရေးကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်ထူးက စီမံကိန်းတာဝန်ပေးအပ်ခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့မ(၁)စခန်း၊ မြို့မ(၂)စခန်း၊ ဝွေးကုန်းစခန်း၊ မြင်းဒေါင်းစခန်းနှင့် ကျွန်းပင်ကန်စခန်းတို့မှ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် မြေစာရင်း)

တာချီလိတ်မြို့ မြို့ရေပေးဝေရေးလုပ်ငန်းမှ ရေသွယ်ယူထားသည့် နမ့်ဖလောက် ရေကာတာအားသဲ၊ နုန်းဆယ်ယူခြင်း လုပ်ငန်းကို နိုဝင်ဘာ ၄ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှမျိုး ဦးဆောင်သော ဝန်ထမ်းများ၊ စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့၌ ကျန်းမာရေး ပညာပေးဟောပြော

ပေါင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ် ဖြူဘာ ကျေးရွာတွင် အောက်တိုဘာ ၂၇ရက် နံနက်က ကျန်းမာရေးပညာပေး ဟောပြောပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက အမှာစကား ပြောကြားပြီး ရင်းငြိမ်တိုက်နယ် ဆရာဝန်ဒေါက်တာမြတ်မြတ်မိုးက တီဘီရောဂါအကြောင်း ပညာပေးဟောပြောသည်။ (ယာပုံ)

တက်ရောက်

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

အလားတူ ကျန်းမာရေးဟောပြောပွဲများကို ရင်းငြိမ်ကျေးရွာ၊ သပြုချောင်ကျေးရွာနှင့် သဲကုန်ကျေးရွာများတွင်လည်း ပညာပေးဟောပြောပွဲများ ကျင်းပကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကလေးဝမြို့ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

ကလေးဝ နိုဝင်ဘာ ၁၀

ကလေးဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်း မြေယာရှုခင်း ဆောင်ရွက်ခြင်းနှင့် သံပန်း ကာရံထားခြင်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင်အောင် အောက်တိုဘာ ၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ခင်က လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် ဝန်ထမ်းများ စက်တင်ဘာ ၂၉ရက်က ကျားတက် စံပြကျေးရွာ ကျေးလက်ဈေး၌ အလေးချိန်ခွင်စစ်ဆေးခြင်း၊ အသားငါးများ သန့်ရှင်းစွာ ဖုံးအုပ်ရောင်းချရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသီးအရွက်များ ရောင်းချရေး ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကမမောင်း၌ တံတားပြုပြင်

ကမမောင်း နိုဝင်ဘာ ၁၅

ကမမောင်းမြို့ ပတ္တမြားလမ်းနှင့် စကားဝါလမ်းရှိ ကွန်ကရစ်တံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဦးကိုကိုနိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လင်းဟန်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

26-11 (15).pmd 1 11/26/2008, 2:29 AM

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် နားဖန်း-ယန်း မြေသားလမ်းဖောက်လုပ်ရန်အတွက် အမှုဆောင်အရာရှိ ဦးထန်ဒေါ်င်တွန်နှင့် ကျေးရွာတာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်း၌ စာပေဟောပြောပွဲကျင်းပ

မိုးညှင်း နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာ အလယ်တန်းကျောင်းတွင် နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂ နာရီက စာပေဟောပြောပွဲကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာကြီး ဦးတင်ဆင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ)က မျိုးဆက်သစ်တို့ တိုးတက်စေဖို့စာဖတ်ကြပါစို့နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမာန်ငိုင်းက ရည်မှန်းချက်ရှိရမည် တို့ကို ဟောပြောကြသည်။

ထို့နောက် အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူ ကျောင်းသား ကျောင်းသူလေးဦးအား အလှူရှင်ဦးတင်ရွှေ (ရွှေမိသားစု)က ချီးမြှင့်ဂုဏ်ပြုဆုငွေ ပေးအပ်လိုက်သည်။ ထို့နောက် အလှူရှင်များက သုတ၊ ရသ၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို ကျောင်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူသည်။ (၀၀၂)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်သော ကမာဝက်(စိန်တောင်)- ဖယ်ဒိုကျေးရွာ ဆက်လမ်း ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်မှုကို အောက်တိုဘာ ၁၀ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဘားအံကောလိပ်၌ မြတ်ဆရာပူဇော်ပွဲ

ဘားအံ နိုဝင်ဘာ ၂၀

ဘားအံကောလိပ်တွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအတွင်း ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း စိမ်းလန်းစိုပြည်ဥယျာဉ်တွင် ကျင်းပမည်ဖြစ်ရာ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ဘားအံကောလိပ်တွင် ပညာ သင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ လှူဒါန်းလိုပါက ကိုတာ ဖုန်း-၀၉-၅၁-၁၇၁၂၄၊ ဦးတင့်ဦး-ဒေါ်သက်သက်ဝင်း ဖုန်း-၀၉-၅၁-၁၀၂၈၆၊၀၉-၅၃-၁၂၅၃၉၊ ဦးအောင်တင်ထူး(အဒိန်း) ဘားအံ ဖုန်း-၀၉-၅၆-၆၀၇၀၆၊ ဦးမြင့်ဝေ (ဘဲကြီး) ကော့ကရိတ်မြို့၊ ဦးလွှမ်းထွဋ်ဦး မြဝတီမြို့၊ ဒေါ်နန်းသဇင်ကျော် ဖုန်း-၀၉-၅၁-၇၆၃၆၀၊ ဒေါ်မို့မို့ထွန်း ဖုန်း-၀၉-၅၁-၂၃၅၀၁နှင့် ဦးခင်ရှိန် ဘားအံမြို့ ဖုန်း-၀၅၈-၂၁၈၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ကန်ပက်လက်မြို့နယ်၌ ဆွေးနွေး

ကန်ပက်လက် နိုဝင်ဘာ ၂၃

ချင်းပြည်နယ် စိုက်ပျိုးမွေးမြူရေး တိုးတက်ရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြီးကြပ်မှုကော်မတီတို့၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကန်ပက်လက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဆွေးနွေးပွဲတွင် ချင်းပြည်နယ်စိုက်ပျိုးမွေးမြူရေး တိုးတက်ရေး ကြီးကြပ်မှုကော်မတီဝင် ညွှန်ကြားရေးမှူးဦးမြင့်သိန်း(ကုန်းမြင့်လယ်ယာစီမံကိန်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းက မြို့နယ်၏ စိုက်ပျိုးမွေးမြူရေး တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တိုးတက်ကျင့်သုံး

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးမွေးမြူရေးတိုးတက်ရေး ကြီးကြပ်မှု ကော်မတီဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့် (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)က ဒေသဝမ်းစာ ဖူလုံပို့လျှံရေး၊ လက်ဖက်နှင့်ကြက်ဆူ ကို ရည်မှန်းချက်ကျော်လွန်အောင် စိုက်ပျိုးရေးနှင့် နွားနောက်မွေးမြူရေးတို့ကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ စနစ်တကျမွေးမြူရေး၊ ရွှေ့ပြောင်း တောင်ယာစနစ်မှ အမြဲတမ်း စိုက်ကွက်ဖော်ထုတ် စိုက်ပျိုးရေးစနစ်သို့ တိုးတက်ကျင့်သုံးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ကြီးကြပ်မှုကော်မတီဝင်တို့က ရှင်းလင်းဖြေကြား ဆွေးနွေးသည်။

(ခရိုင် မြန်/ဆက်)

ရွှေရင်အေး မိုးစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်း စိုက်ပျိုးရေးနည်းပညာများ ညှိနှိုင်းဆောင်ရွက်

လင်းခေး နိုဝင်ဘာ ၁၅

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက လင်းခေးမြို့နယ်ဝမ်ဟတ် ကျေးရွာအုပ်စုမှ ကွင်းအမှတ်(၃/၈)ရှိ တောင်သူဦးစိုင်းအေး၏ လယ်ကွက်တွင် စိုက်ပျိုးထားသောရွှေရင်အေးမိုးစပါးစိုက်ခင်း ၂ဒသမ ၅ဧကသို့ ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးရာ လင်းခေးမြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးနှင့်အဖွဲ့က မိုးစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့သည် လင်းခေးမြို့နယ်၊ ဝမ်တိန်းကျေးရွာအုပ်စု ဆောင်ကျဲကျေးရွာရှိ တောင်သူဦးစိုင်းနန္ဒစိုက်ပျိုးထားသည့် ပဲပုပ်၊ နေကြာသီးညှပ်စိုက်ခင်း ၃ ဒသမ ၈၀ ဧကကွက်သို့သွားရောက်၍ ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် ဒေသခံ တောင်သူများနှင့် တွေ့ဆုံကာ မိမိတို့ဒေသတွင် စားသုံးဆီဖူလုံ၍ အကျိုးစီးပွားပိုမိုတိုးတက်လာစေရန်နှင့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကိုလည်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းဌာနမှ ဝန်ထမ်းများနှင့် ညှိနှိုင်းအကူအညီရယူ၍ စိုက်ပျိုးဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

အိုင်အိုဒင်းပါဝင်မှု

ချောင်းဆုံမြို့ အမှတ်(၂) ဈေးရှိ ဈေးဆိုင်ခန်းများတွင် ရောင်းချသော ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိမရှိကို အောက်တိုဘာ ၂၄ရက်က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးအောင်နှင့်အမှုဆောင်အရာရှိ ဦးသန်းဝေတို့စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်တွင် စပါးစံကွက်ရိတ်သိမ်း

သီပေါ နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏စီစဉ်ဆောင်ရွက်မှုဖြင့် စံဖိတ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၇၃) တောင်သူ ဦးစောနိုင်၏ ဆင်းရွှေလီစပါးစိုက်ခင်း ၃ ဒသမ ၀၀ဧက ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၈ရက် နံနက် ၈ နာရီက အဆိုပါစိုက်ကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

စပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်သန်းနှင့် ကျေးရွာမန်နေဂျာများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းဝင်းနှင့် ကွင်းဝန်ထမ်းများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြပြီး လယ်သမားကြီး ဦးစောနိုင်၏ ဆင်းရွှေလီစပါးစံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧက ပျမ်းမျှ ၁၈၃ ဒသမ ၅၀ တင်း ထွက်ရှိသည်။

စံကွက်ရိတ်သိမ်းအပြီးတွင် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စပါးတစ်ဧကအထွက်နှုန်းမှန်ကန်ရေး၊ စံကွက်ရိတ်သိမ်းခြင်းနည်းလမ်းများကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် လယ်သမားကြီးများအား တွေ့ဆုံပညာပေးဆွေးနွေးကြောင်း သိရသည်။ (၀၂၀)

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအား ကူညီစောင့်ရှောက်သည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ဦးမြတ်သူဝင်း (အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းများ ကုမ္ပဏီလီမိတက်)မှ ငွေကျပ်သိန်း ၁၀၀ မတည် လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက်က ရန်ကုန်မြို့စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပရာ သဘာပတိ ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားစဉ်။ (မြန်မာအလင်း)

စာဖတ်သူတိုးပွားရေး ပညာပေးဟောပြော

မလှိုင် နိုဝင်ဘာ ၁၅

မလှိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်သူ တိုးပွားရေး ပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို အောက်တိုဘာ ၃ရက် မလှိုင် အထက(ခွဲ)ရောဝတီခန်းမ၌ ကျင်းပသည်။

ပညာပေး

ရွှေဦးစွာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီးမိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာဖတ်သူတိုးပွားရေးနှင့် ပတ်သက်၍ ပညာ ပေးဟောပြောသည်။

ရှင်းလင်းပြသ

ဟောပြောပွဲ အပြီးတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် သုတ ရသစာအုပ်များကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က တက်ရောက်လာသော မြို့နယ်ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြသကြောင်း သိရသည်။

(မြို့နယ် မြန်/ဆက်)

26-11 (16).pmd 1 11/26/2008, 2:29 AM

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တောင်ဝိုင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးကျော်လင်း ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထီးလင်းမြို့၌ စာကြည့်တိုက်ပညာသင်တန်းဖွင့်

ထီးလင်း နိုဝင်ဘာ ၂၄

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွား သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအုန်းဖေက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး စာကြည့်တိုက်လက်ထောက် (၃) ဒေါ်ချိုချိုဝင်းက စာကြည့်တိုက်ပညာရပ်များဖြစ်သည့် စာအုပ်များမျိုးတူစုခွဲနည်း၊ ထိန်းသိမ်းနည်း လက်တွေ့လုပ်ငန်းများကို ပို့ချဆွေးနွေးကြောင်း သိရသည်။ (၀၇၁)

ဘိုကလေးမြို့နယ်၌မိုးစပါးစံကွက်ရိတ်သိမ်း

ဘိုကလေး နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးအောင်ကြည်ဦးသည် ဘိုကလေးမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇေယျာကျော်၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းက ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၇၈) ဦးပိုင်အမှတ်(က/၃၈) ဧကတွင် တောင်သူ ဦးကျော်အုန်းလှိုင် စိုက်ပျိုးထားရှိသည့် သင့်အဆင့်အတန်းရှိ သီးထပ်ရင်စပါးမျိုးကွဲအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၇၆ဒသမ၀၂တင်းနှုန်း ထွက်ရှိသည်။ **(အပေါ်ပုံ)**

ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးထားရှိသည့် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးများအား မျိုးကွဲအလိုက် အထွက်နှုန်းများရရှိရန်နှင့် စုစုအထွက်မှန်ကန်စေရေး အထွက်နှုန်းအတွက် ယခုနှစ်တွင် စံကွက်ပေါင်း ၃၇၆၀၅ကွက် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖြူးမြို့နယ် ပြောင်သေကျေးရွာ၌ မိုးစပါး စံကွက်ရိတ်သိမ်း

ဖြူး နိုဝင်ဘာ ၁၄

တောင်ငူခရိုင် ဖြူးမြို့နယ် ပြောင်သေကျေးရွာအုပ်စု ပြောင်သေကျေးရွာရှိ ကွင်းအမှတ်(၂၁၇-ခ) ဦးပိုင်အမှတ် (၁၄/၁)ရေိယာ ၁၁ဒသမ၃၆ရှိ လယ်သူမကြီး ဒေါ်ဝင်းရီ၏ မိုးစပါးတစ်ဧကလုပ်ကွက်လယ်မြေတွင် နိုဝင်ဘာ၈ရက် နံနက်ပိုင်းက တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးပွင့်သူအောင်နှင့် ဖြူးမြို့နယ် မြေစာရင်းဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဆင်းသွယ်လတ် မိုးစပါးစံကွက်ကို နေ့ချင်းပြီး ရိတ်သိမ်းကြသည်။

ရိတ်သိမ်း

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ရိတ်သိမ်းခြင်း နည်းစနစ်များနှင့်ပတ်သက်၍ တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်က ရှင်းလင်းပြောကြားပြီး သင့်စံကွက်အမျိုးအစားကို ရိတ်သိမ်းခဲ့သည်။ (၀၅၁)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဥက္ကံမြို့ အနော်ရထာရပ်ကွက် ဘုရားကြီးလမ်း ကတ္တရာလမ်းခင်းဆောင်ရွက်မှုကို နိုဝင်ဘာ၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လမ်းပေါက်ဖာထေး

လှိုင်းဘွဲမြို့ သာယာလှပရေးအတွက် မြို့တွင်းခေမာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း အောက်တိုဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၄ရက်(တနင်္ဂနွေနေ့)တွင် အထက(၃) ဗိုလ်တထောင် သစ္စာခန်းမ (သစ်သားကျောင်းဆောင်)၌ ကျင်းပမည်ဖြစ်သည်။

သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများ အားလုံးနှင့် ကျောင်းတည်ထောင်သည်မှစ၍၂၀၀၇ခုနှစ်အထိ စာသင်ဖူးသည့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းသားဟောင်းများဖြစ်သည့် ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀၊ ဦးလှသိန်း ဖုန်း-၀၉-၅၀-၆၇၀၃၀၊ ဦးအေးဝင်း ဖုန်း-၀၉-၅၀-၀၁၃၂၄၊ ဦးနေဝင်း ဖုန်း-၅၈၄၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၃၊ ဦးထွန်းစိန် ဖုန်း-၀၉-၅၁-၈၅၂၂၈၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဦးသိန်းအောင် ဖုန်း- ၀၉-၅၀-၃၅၉၄၃၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၃၉၆၄၇၉၊ ဒေါ်လှဲ့လှဲ့ဝင်းဟန် ဖုန်း-၀၉-၅၀-၀၆၈၄၃၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇နှင့် ကိုသန်းဇော် ဖုန်း-၀၉-၅၁-၁၄၇၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆီဆိုင်မြို့နယ်၌ ခမ်းသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဆီဆိုင် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စု လွယ်ထွဲလွယ်ဆောင်ကျေးရွာ ခမ်းသုတစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ၉ရက် နံနက်၁၀နာရီက စာကြည့်တိုက်အဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး လှကြွယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးလှကြွယ်က စာအုပ်မျိုးစုံအုပ်ရေ ၅၀၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးရွှင်မြတ်သူက ဗီရိုတစ်လုံးနှင့် ၁၄လက်မရုပ်မြင်သံကြားပြစက်တစ်လုံး၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မိုးအောင်က စာအုပ်စာစောင် အုပ်၁၈၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးနေမျိုးသူရိန်က စာအုပ်စာစောင်အုပ်၁၀၀၊ အလှူရှင်များက ငွေပဒေ သာပင်အတွက် အလှူငွေကျပ် လေးသောင်းနှင့် စာအုပ်စာစောင်အုပ်၆၀တို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**



စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့် ဦးစီး၍ မြို့ရေပေးရေး အမြင့်တင်ရေကန်များကို အောက်တိုဘာ၂၇ရက်က သန့်ရှင်းရေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်း သတင်း ဇနီးသတ်သူအား အလုပ်နှင့်ထောင်ဒဏ်ရှစ်နှစ်ချမှတ်

မိတ္ထီလာ နိုဝင်ဘာ ၂၄

ဇနီးဖြစ်သူအား အရက်မူးပြီး ဓားဖြင့်ခုတ်သတ်မှု မိတ္ထီလာမြို့နယ် ရှမ်းတဲနယ်မြေ ကုက္ကိုပင်ကျေးရွာ၌ မတ် ၁၄ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာမြို့ ရှမ်းတဲနယ်မြေ ကုက္ကိုပင်ကျေးရွာတွင် မတ်၁၄ရက်က တောင်သူ ဦးကြံရွှေ (၄၇)နှစ်အိမ်တွင် ဖခင်ဖြစ်သူ ဦးကြံရွှေက ဇနီးနှင့်သားသမီးများအား အိမ်ရှေ့ခုတင်ပေါ်တွင်ထိုင်ခိုင်းပြီး အရက်သောက်စား မူးယစ်ကာ ယခင် (ခုနစ်)လလောက်ခန့်က မိခင်ဖြစ်သူမှာ မောင်ဖြစ်သူနှင့် စကားများကာ ဦးလေးတော်သူ ဦးအောင်ညွန့်အိမ်သို့ ဆင်းသွားပြီး ရက်ပိုင်းအတွင်းက ပြန်လာသည့်ကိစ္စနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ကာ“သတ်ပစ်မယ်၊ နင်မရှိမှအေးမယ်”ဟုဆူပူကြိမ်းမောင်းသဖြင့် သမီးကြီးဖြစ်သူ မနွဲ့(ခ)မလွင်လွင်မာက ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးလွင်ထံ သွားရောက်တိုင်ကြားခဲ့သည်။ ဤသို့ တိုင်ကြားမှုကို ဦးကြံရွှေက မကျေမနပ်ဖြစ်ကာ ဇနီးဖြစ်သူ ဒေါ်ညိုလှအား အိမ်ထဲမှ ဓားရှည်သွားယူပြီးခုတ်ရာ ဒေါ်ညိုလှမှာ ဘယ်ဘက်လက်ရင်း လက်ကောက်ဝတ်ပြတ်ကာ ဝဲဘက်ဦးခေါင်းပြတ်ရှ၊ ဝဲနားရွက်အထက် လည်ပင်းပြတ်ရှ၊ ညာဘက်လက်ကောက်ဝတ်ပြတ်ရှဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားသဖြင့် သားဖြစ်သူ မောင်သန်းမြတ်စိုးက တရားလိုပြုလုပ်၍ ဖခင်ဦးကြံရွှေအား ဥပဒေအရ အရေးယူပေးရန် အမှတ်(၂) ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်း(ပ)၅၁/၂၀၀၈၊ ပုဒ်မ ၃၀၄ဖြင့် ဦးကြံရွှေအား ဖမ်းဆီးပြီး ဧပြီ ၁၀ရက်က ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။ မိတ္ထီလာခရိုင် တရားရုံး ဒုတိယခရိုင်တရားရုံး(၁)က တရားခံ ဦးကြံရွှေအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၀၂(၂)အရ ကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်ရှစ်နှစ်ကျခံစေရန် ဇူလိုင်၁၆ရက်က အမိန့်ချမှတ်ခဲ့သည်။ (၀၈၆)

ဝိုင်းမော်မြို့၌ ဒူဝါ-ဇော်လွန်းလမ်း ကတ္တရာခင်း

ဝိုင်းမော် နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဒူဝါ- ဇော်လွန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင် ရန်ကုန်-ပြည်လမ်းမှ စစ်ကွင်းကျေးရွာအဝင် ကျေးလက်လမ်းဂဝံခင်းခြင်းကို အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၂)စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေရှိ စီမံကိန်းလုပ်ငန်းများစစ်ဆေး

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စက်မှုသင်တန်းကျောင်း (သာဂရ) စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့ရှိ သာဂရစက်မှုနယ်မြေသို့ရောက်ရှိပြီး စက်မှုနယ်မြေရှိ စက်မှုသင်တန်းကျောင်း (သာဂရ)စီမံကိန်းနေရာ၌ စာသင်ဆောင်များ၊ လက်တွေ့သင်ကြားရေးဆောင်များ၊ ပင်မအဆောင်နှင့် စုဝေးခန်းမ တို့၏ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ သင်တန်းကျောင်းအတွင်းရှိ လမ်းများဆောင်ရွက်ပြီးစီးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံ စီမံကိန်းနေရာ၌ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စီမံကိန်းရှိ သံပုံလောင်းအလုပ်ရုံအတွင်း စက်များတပ်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တရုတ်ပညာ ရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ဆက်လက်၍ ဝန်ကြီးသည် မြေထိုးမြေတူး ယန္တရား ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကာ သာဂရစက်မှုနယ်မြေရှိ စက်ရုံ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ပါဝင်ထမ်းဆောင်ရမည့် အခန်းကဏ္ဍများနှင့်ပတ်သက်၍ အကျယ် တဝင့် ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အုန်းရည်ကိုပုံမှန်သောက်သုံးလျှင် အိတ်ချ်အိုင်ဗွီပိုးရပ်စ် ဟန့်တားရာ၌ အထောက်အကူပြုနိုင်

အုန်းရည်ကို ပုံမှန်သောက်သုံးပါက အိတ်ချ်အိုင်ဗွီ ပိုးရပ်စ် ပျံ့နှံ့မှုကို ဟန့်တားရာတွင် အထောက်အကူပေးနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကာကွယ်ပေး

အုန်းရည်တွင် ဗီတာမင်၊ အမိုင်နိုအက်စစ်နှင့် အခြားဓာတ်ပေါင်းများ ပါဝင်လျက်ရှိသည့်အပြင် သီရာမင် ဘီ-၁၊ ရီဘိုဖလာဗင် ဘီ-၂၊ နီရာစင် ဘီ-၃၊ ပင်တိုသီနစ်အက်စစ်တို့ ပါဝင်သဖြင့် ဆားစ်ကဲ့သို့သောရောဂါများ ဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၆ ❒

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ပြည့်ဖြိုးအောင်(တနင်္သာရီတိုင်း) နှင့် လှစ်လှစ်လေး (ရန်ကုန်တိုင်း) တို့ ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက်ဇော်ဝင်းမြင့် (တောင်ဥက္ကလာပ)
စာမျက်နှာဖွဲ့စည်းမှု-ဥာဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးသည့် ၂၀၀၈ခုနှစ် တတိယအကြိမ် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်ပြိုင်ပွဲနှင့် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂နာရီက တောင်ဥက္ကလာ ပဒေသာ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

၄၈ကီလို လူသစ်တန်း(ကျွတား) ပွဲစဉ်တွင် အငယ်လေး(ပဲခူး)နှင့် သိဒ္ဓိမင်း (ရန်ကုန်)တို့ပွဲစဉ်တွင် သဒ္ဓိမင်း(ရန်ကုန်)က အနိုင်ရရှိပြီး ရွှေဆို(မကွေး)နှင့် ခင်မောင်လွင်(တနင်္သာရီ) တို့ပွဲ၌ ခင်မောင်လွင်(တနင်္သာရီ)က အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

နှစ်ပေါင်း၁၃၀ခန့် ရှိပြီဖြစ်သည့် ပဲခူး-စစ်တောင်းတူးမြောင်း ပဲခူး၊ ကဝ၊ သနပ်ပင်နှင့် ဝေါမြို့နယ်တို့အတွက် အသက်သွေးကြောသဖွယ်တည်ရှိနေ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း- ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့ စည်းမှု-သန်းဇော်

ရန်ကုန် နိုဝင်ဘာ ၂၅

ရေပြင်ကို ရှပ်တိုက်ခုတ်မောင်းနေသော စက်လှေကြောင့် ရေပန်းများ တဖွားဖွား ထွက်ပေါ်လာသည်။ တူရူအရပ်မှနေ၍ လေတိုက်ခတ်သဖြင့် ရေစက်ရေမှုန်များက မျက်နှာသို့ လာရောက်ထိမှန်လျက်ရှိသည်။ ဤခရီးကား ပဲခူး-စစ်တောင်းတူးမြောင်း လှေလာရေးခရီးစဉ်၌ စက်လှေဖြင့် ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ဆက်စပ်ဖောက်လုပ်

''ပဲခူး-စစ်တောင်းတူးမြောင်းက ပဲခူးမြစ်နဲ့ စစ်တောင်းမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားတာပါ။ အရှည်က ၃၇မိုင်နဲ့ တူးမြောင်း အကျယ်က ပေ၁၅၀ ကျယ်ဝန်းပါတယ်။ ပဲခူးမြစ်အခြမ်းက စဉ့်အိုးဘိုရွာကနေပြီး စစ်တောင်းမြစ်ရဲ့ မြစ်ကျိုးမြို့အထိ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပါတယ်''ဟု သနပ်ပင်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဆောင်က စက်လှေပေါ်၌ မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို ၁၈၇၈ခုနှစ်က တူးဖော်ဖောက်လုပ်ခဲ့ခြင်းဖြစ်ရာ သက်တမ်းအားဖြင့် နှစ်ပေါင်း၁၃၀ခန့်ရှိခဲ့ပေပြီ။ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်နှင့် ဝေါမြို့နယ်များကိုလည်း ရေလမ်းခရီး ဆက်စပ်ပေးရာ တူးမြောင်းလည်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပဲခူး-စစ်တောင်းတူးမြောင်းက ဒေသခံပြည်သူတို့၏ ခရီးသွားလာရေးကို ဤသို့ အထောက်အကူပြုလျက်ရှိသည်။

26-11 (20).pmd 1 11/26/2008, 2:29 AM